တပေါ်စ တော် မင်္ဂလ မုတ္တမ်၊ မြီးခြံစွာ ကျင့်သုံးနေထိုင်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၇ ရက်၊ ၂၀၀၄ ခုနှစ်၊ မေ ၁၁ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၉၄)

အစွမ်းထက်သောဆေးဝါးများထုတ်လုပ်ပေး

အများပြည်သူအသုံးများပြီး အရေးကြီးသော ဆေးဝါးများ၊ အစွမ်းထက်သောဆေးဝါးများကို ထုတ်လုပ်ပေးနိုင်အောင် ညှိနှိုင်းစီမံပေးရန်လိုသည်။ လူအသုံးနည်းပြီး ခေတ်မမီတော့သည့် ဆေးဝါးများ ထုတ်လုပ်နေ၍မဖြစ်ဘဲ ရေရှည်၌ မိမိခြေထောက်ပေါ် မိမိရပ်တည်၍ ကြိုးစားရမည်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရဲရွာရေအားလျှပ်စစ်စီမံကိန်းကြည့်ရှု ရှမ်းပြည်နယ်တောင်ပိုင်း-မြောက်ပိုင်းဆက်သွယ်သည့်လမ်း ချောမွေ့ကောင်းမွန်အောင်ကြိုးပမ်းရန် ဒုဋ္ဌဝတီတံတား(နောင်ချို) ခိုင်ခိုင်ခံ့ခံ့အမြန်ဆုံးပြီးစီးအောင်တည်ဆောက်ရန်မှာကြား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များ ပြင်ဦးလွင်မြို့နယ် အနီးစခန်းလေယာဉ်ကွင်း တိုးချဲ့တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းတွင် ကြည့်ရှုစစ်ဆေးကြစဉ်။ (သတင်းစဉ်)

ရန်ကုန် မေ ၁၀

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ အစိုးရအဖွဲ့အဖွဲ့ဝင် ဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ မေ ၇ ရက် နံနက်ပိုင်းတွင် မြန်မာ့လေကြောင်း အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှ ထွက်ခွာခဲ့ကြရာ နံနက် ၉ နာရီခွဲတွင် မန္တလေးတိုင်း တံတားဦးမြို့နယ်ရှိ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

ကြိုဆို

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ် ရန်သိမ်း၊ ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။ စာမျက်နှာ ၃ ကော်လံ ၁ ✻

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း **အယ်ဒီတာ့ အာဘော်** (၂၀၀၄ ခုနှစ်၊ ဧပြီလ ၁၁ ရက်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ မိန့်ကြားချက်များကိုခံယူ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်

တပ်မတော်သားများသည် တပ်မတော်၏ မွန်မြတ်သည့်အစဉ်အလာ(၁၂)ရပ်ကို အသက်ပေး စောင့်ထိန်းကြသူများဖြစ်သည်။

တပ်မတော်၏ အစဉ်အလာကောင်းများကို သယ်ပိုးထမ်းဆောင်နေသည့် တပ်မတော်သားများသည် ခေတ်မီတပ်မတော်တည်ဆောက်ရန် တာဝန်ရှိသည့်အပြင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော် တည်ဆောက်ရာတွင် နည်းပညာများကို ဖော်ထုတ်၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့် နိုင်ငံတစ်ဝန်းလုံးတွင် အရည်အချင်းမြင့်မားသည့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဖြန့်ကြက်ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် သိပ္ပံပညာထူးချွန်တံဆိပ်၊ နည်းပညာ ထူးချွန်တံဆိပ်များ ချီးမြှင့်နိုင်ရန် နိုင်ငံတော်က ပြဋ္ဌာန်းထားပြီးဖြစ်ရာ သက်ဆိုင်ရာပညာရပ်များဖြင့် အများအကျိုး ထူးချွန်စွာဆောင်ရွက် အကျိုးပြုကြသူများကို ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့် အပ်နှင်းပေးလျက် ရှိသည်။

တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆) သင်တန်းဆင်းပွဲအခမ်း အနား၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက နိုင်ငံတော်၊ နိုင်ငံသားနှင့် တပ်မတော်အပေါ် ထားရှိရမည့် စိတ်ဓာတ်နှင့်စပ်လျဉ်း၍ မိန့်ခွန်းပြောကြားရာတွင်—

"စိတ်ဓာတ်ကောင်းခြင်းဆိုတာ မျိုးချစ်စိတ်ဓာတ်ထက်သန်ခြင်း၊ တစ်ဦးချင်း ကိုယ်ကျိုးကို ပဓာနမထားဘဲ နိုင်ငံတော်အတွက် စွန့်လွှတ်စွန့်စားလိုစိတ်ရှိခြင်းနဲ့ စိတ်ဓာတ်မြင့်မြတ်ခြင်းတို့ ဖြစ်တယ်၊ စိတ်ဓာတ်ကောင်းရင် စည်းကမ်းကောင်းမယ်၊ နိုင်ငံတော်၊ နိုင်ငံသားနဲ့ တပ်မတော် အပေါ် သစ္စာရှိမယ်၊ အမျိုးသားရေးယုံကြည်ချက်တစ်ခုတည်းအပေါ်မှာ စည်းလုံးညီညွတ်ကြမယ်၊ ဒါကြောင့် စိတ်ဓာတ်ဟာ အခြေခံအကျဆုံးနဲ့ အဓိကအကျဆုံးအချက်ပဲ ဖြစ်တယ်"

ဟု မိန့်ကြားခဲ့သည်။

ထိုစိတ်ဓာတ်ကောင်းများသည် ခေတ်မီတပ်မတော်တည်ဆောက်ရေး၊ နိုင်ငံတော်၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်စေရေး၊ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စွမ်းစွမ်းတမံ ကြိုးပမ်းထမ်းဆောင်သူများထားရှိရမည့် စိတ်ဓာတ်များပင် ဖြစ်သည်။

ယခုအခါ တပ်မတော်နှင့်ပြည်သူ လက်တွဲပြီး နိုင်ငံတော်ကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။ ထိုသို့ ကြိုးပမ်းတည်ဆောက်ရာတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ အထူးဒေသကြီး ၂၄ ခု ဖွံ့ဖြိုးရေး စီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းတို့ကို ဖွံ့ဖြိုးရေးကွန်ရက်အဖြစ် အချိတ်အဆက် မိအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် တပ်မတော်သည် ပြည်သူတို့နှင့်လက်တွဲပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ နိုင်ငံတစ်ဝန်း ဆောင်ရွက်လျက်ရှိရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် မိန့်ကြားခဲ့သည့် စိတ်ဓာတ်ကောင်းခြင်းကိုခံယူပြီး နိုင်ငံတော်ကို ကြိုးပမ်း တည်ဆောက်ကြမည်ဆိုပါက နိုင်ငံသူနိုင်ငံသား များ မျှော်မှန်းထားသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်ဆီသို့ မလွဲဧကန်ရောက်ရှိနိုင်မည် ဖြစ်သည်။

သို့ဖြစ်ရာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်ပေါ်လာစေရန် အတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ မိန့်ကြားချက်နှင့်အညီ စိတ်ဓာတ်ကောင်းများကို ခံယူပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းတည်ဆောက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစု အကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူ ကျင့်သုံးလိုက်နာသွားမည်။

(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မဖိုတ်မသုန် အကောင်အထည်ဖော်သွားမည်။

(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။

(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။

(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။

(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

သကြၤန်တွင်းတရားစခန်းပွဲ

ရန်ကုန် ဧပြီ ၁၀

ရန်ကုန်တိုင်း သုံးခွမြို့ မြို့မရေလယ်ကျောင်းတိုက်တွင် စစ်ကုန်းကျောင်း ဆရာတော် ဘဒ္ဒန္တကောဝိဒ၊ မြို့မရေလယ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တလက်ာရတို့ ကြီးမှူး၍ နှစ်စဉ်ကျင်းပမြဲဖြစ်သော အဓိဋ္ဌာန် စုပေါင်း ဒုလ္လဘရဟန်းခံအလှူပွဲကို ဧပြီ ၂ ရက်၌ ကျင်းပပြီး ဧပြီ ၁၂ ရက်မှ ၂၀ ရက်အထိ အဓိဋ္ဌာန် ဒုလ္လဘဝိပဿနာ တရားစခန်း ကျင်းပမည်ဖြစ်သည်။ ဒုလ္လဘရဟန်းလောင်းများ ဧပြီ ၁၁ ရက် ညနေ ၃ နာရီအရောက် ကြွရောက်ပါ ရန်နှင့် ဆွမ်း၊ သင်္ကန်း၊ ဖျော်ရည်များ အကျိုးဆောင်အဖွဲ့နှင့် ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ (၁၃၇)

အခြေခံ ယဉ်ကျေးမှုသင်တန်း ရွှေနေချုပ်ရုံးဓမ္မာရုံ၌ ဖွင့်လှစ်မည်

ရန်ကုန် ဧပြီ ၁၀

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဗဟန်း ၂လမ်းနှင့် ကမ္ဘာအေးစေတီလမ်း ထောင့်ရှိ ရွှေနေချုပ်ရုံးဓမ္မာရုံတွင် အသက် ၆ နှစ်မှ ၁၂ နှစ်အရွယ်ရှိ ကလေး သူငယ်များအတွက် တတိယအကြိမ်မြောက် အခြေခံယဉ်ကျေးမှုသင်တန်းကို ဓမ္မဒါနအဖြစ် ဧပြီ ၂၀ ရက်မှ မေ ၅ရက်ထိ နေ့စဉ် နံနက် ၇ နာရီမှ ၈ နာရီခွဲအထိ ဖွင့်လှစ်ပို့ချမည်ဖြစ်သည်။

သင်တန်းတက်ရောက်လိုသူများ၏ မိဘ၊ သို့မဟုတ် အုပ်ထိန်းသူတို့သည် အထက်ပါဓမ္မာရုံသို့ ဧပြီ ၃၊ ၁၀၊ ၁၁ ရက်နေ့များတွင် မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအတွင်း လာရောက်စာရင်းပေးသွင်းနိုင်ပြီး ဖုန်း–၃၇၂၅၃၂၊ ၃၇၆၂၂၃၊ (ရုံးချိန်အတွင်း) ၂၉၆၇၅၅၊ (ရုံးချိန်ပြင်ပ)သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(က–ပ)

အမှတ် ၁၂၃ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်နေ ဦးကျော်ဆင့် အသက်(၈၀)ပြည့် မွေးနေ့အတွက် အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် အပိုင်း ၁၆/၂၊ သုဒဿနလမ်း၊ သဃ်န်းကျွန်းရှိ နာရေးကူညီမှုအသင်း (ရန်ကုန်)မှ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူ (ရုပ်ရှင်သရုပ်ဆောင်)က လက်ခံယူစဉ်။

(က–ပ)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဧပြီ ၁၀

ဦးသန်းမြင့်သည် ကစားဖော်များဖြစ်ကြသော ဦးကျော်သန်း၊ ဦးဝင်းလွင်၊ ဦးစိုးမင်းသူတို့နှင့်အတူ ဧပြီ ၆ ရက် မွန်းလွဲပိုင်းက မြို့တော်ဂေါက်ကွင်း (ငွေသော်တာကွင်း)၌ ဂေါက်သီးရိုက်ကစားကြစဉ် Titleist No.4 ဘောလုံးကို HONMA IRON No.8 သံတုတ်ဖြင့် ရိုက်လိုက်ရာ ကိုက် ၁၅၀ အကွာအဝေးတွင်ရှိသော အမှတ် ၁၄ ကျင်းသို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၁၁–၄–၂၀၀၄
(တနင်္ဂနွေနေ့)
နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ မြန်မာသကြၤန်
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဆရာတော်ဦးဃောသိတ တရားတော် **"ရုပ်နာမ်ခွဲ ပညတ်ပရမတ်ခွဲ"**
- ၉:၁၀ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၉:၁၁ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မြန်မာသကြၤန်
- ၄:၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၄:၃၀ ၅။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Economic Activites (အိမ်တွင်းစီးပွား၊ ဥပဒေ)
- ၅:၀၀ ၆။ အမေးကမ္ဘာတွေးစရာ
- ၆:၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၈။ နိုင်ငံတကာသတင်း
- ၆:၂၀ ၉။ မိုးလေဝသသတင်း
- ၆:၂၅ ၁၀။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၁။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ဉာဏ်ကျယ်လေး"** အပိုင်း(၈)
- ၈:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၅။ လျှပ်တစ်ပြက်
- ၁၆။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သိုင်းမင်းသားလေးနှင့် ရွှေမင်းသမီး"** (ဒုတိယတွဲ) (အပိုင်း–၆)
- ၁၈။ သင့်အတွက်မနက်ဖြန်
- ၁၉။ အပိတ်နှုတ်ဆက်စကား
- ၂၀။ ပြီးပါပြီ။

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

ရှင်းလင်းတင်ပြ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေအား အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်း လုပ်ငန်း၏ ပြင်ဦးလွင်ဆေးဝါးစက်ရုံသစ်တွင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)



✻ ရွှေ့ဖုံးမှ

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် မန္တလေးမြို့အနီး၌ တည်ဆောက်လျက်ရှိသည့် ရဲရွာရေအားလျှပ်စစ်စီမံကိန်းကိုလည်းကောင်း၊ ရပ်စောက်–နောင်ချို ကားလမ်းရှိ ဒု႒ဝတီမြစ်ကူး ဒု႒ဝတီတံတား(နောင်ချို) တည်ဆောက်ရေး လုပ်ငန်းများကို လည်းကောင်း လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့သို့ ရောက်ရှိကြသည်။

ပြီးစီးအောင်တည်ဆောက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဒု႒ဝတီ တံတား(နောင်ချို) နှင့်စပ်လျဉ်း၍ ရပ်စောက်–နောင်ချိုကားလမ်းသည် ရှမ်းပြည်နယ်(တောင်ပိုင်း) နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)အကြား အရေးပါသည့် ဆက်စပ်လမ်းတစ်လမ်းဖြစ်ရာ သွားလာမှု လွယ်ကူသွက်လက်ရေးအတွက် လမ်းသားချောမွေ့ကောင်းမွန်အောင် ကြိုးပမ်းပြုပြင်ဆောင်ရွက်ကြရန်နှင့် ဒု႒ဝတီတံတား(နောင်ချို) ကိုလည်း ခိုင်ခိုင်ခံ့ခံ့နှင့် အမြန်ဆုံးပြီးစီးအောင် တည်ဆောက်ကြရန် တာဝန်ရှိသူများအား မှာကြားသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ဧပြီ ၈ရက် နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့နယ် အနီးစခန်း လေယာဉ်ကွင်းတိုးချဲ့တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များအား ကာကွယ်ရေးဝန်ကြီးဌာန စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်တင်ထွန်းက အနီးစခန်းလေယာဉ်ကွင်း တိုးချဲ့တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ လေယာဉ်ကွင်းဒီဇိုင်းအရ ဆောင်ရွက်ရမည့် လုပ်ငန်းပမာဏ၊ စက်ယန္တရားများရောက်ရှိမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်က လေယာဉ်ကွင်း တိုးချဲ့တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများနှင့် ဆက်စပ်ဆောင်ရွက်သွားမည့် စည်သာချောင်းနှင့် ဆင်ခေါင်းချောင်းများ ရေလွှဲရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက လေယာဉ်ကွင်း တိုးချဲ့တည်ဆောက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက တည်ဆောက်မည့် လေယာဉ်ကွင်းနှင့်စပ်လျဉ်း၍ ရေရှည်တွက်ချက် စဉ်းစားဆောင်ရွက်သင့်သည်များကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် အနီးစခန်း လေယာဉ်ကွင်းကို ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း၏ ပြင်ဦးလွင် ဆေးဝါးစက်ရုံသစ်သို့ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက ဆေးဝါးစက်ရုံသစ် တည်ဆောက်ရခြင်း၏ ရည်ရွယ်ချက်များ၊ စက်ရုံစီမံကိန်းနယ်မြေ၏ အကျယ်အဝန်း၊ တည်ဆောက်ပြီးစီးသော အဆောက်အအုံများအခြေအနေ၊ ပြည်ပမှ မှာယူတင်သွင်းထားသော စက်ပစ္စည်းများ အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ယခုဆေးဝါးစက်ရုံသည် အများပြည်သူအသုံးများပြီး အရေးကြီးသော ဆေးဝါးများ၊ အစွမ်းထက်သောဆေးဝါးများကို ထုတ်လုပ်ပေးနိုင်အောင် ညှိနှိုင်းစီမံရန် လိုကြောင်း။

လမ်းညွှန်မှာကြား

လူအသုံးနည်းပြီး ခေတ်မမီတော့သည့်ဆေးဝါးများ ထုတ်လုပ်နေ၍ မဖြစ်ကြောင်း၊ ရေရှည်၌ မိမိခြေထောက်အပေါ် မိမိရပ်တည်၍ စက်ရုံ လည်ပတ်နိုင်အောင် ကြိုးစားရမည်ဖြစ်ကြောင်း၊ လိုအပ်သော ကုန်ကြမ်းများနှင့် စပ်လျဉ်း၍ သုတေသနပြုလုပ်ပြီး ရှာဖွေထုတ်လုပ်နိုင်ရန် လိုကြောင်းဖြင့် လမ်းညွှန်မှာကြားသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ပြင်ဦးလွင်မြို့နယ် အနီးစခန်းလေယာဉ်ကွင်း တိုးချဲ့တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းတွင် တာဝန်ရှိသူများက ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ပြင်ဦးလွင် ဆေးဝါးစက်ရုံသစ် တည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ပြင်ဦးလွင် ဆေးဝါးစက်ရုံသစ်ကို တည်ဆောက်ခြင်းဖြင့် မြန်မာပြည် အလယ်ပိုင်းနှင့် အထက်ပိုင်းဒေသများ၌ ဆေးဝါးနှင့် ဆေးဝါးပစ္စည်းများကို လွယ်ကူမြန်ဆန်စွာ ဖြန့်ဖြူးနိုင်မှာဖြစ်ပြီး ပြည်ပမှ ဆေးဝါးတင်သွင်းမှုကိုပါ လျှော့ချသွားနိုင်မည်ဖြစ်သည်။ **(သတင်းစဉ်)**

ပြင်ဦးလွင် ဆေးဝါးစက်ရုံသစ်

အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်း လုပ်ငန်း၏ ပြင်ဦးလွင်ဆေးဝါး စက်ရုံသစ်ကို တွေ့ရစဉ်။ (သတင်းစဉ်)

11-4 (3).p65 1 3/24/05, 2:33 PM

မြန်မာ့အလင်း

နိုင်ငံတကာ သတင်းများ

အမေရိကန်များကို တွေ့သည့်နေရာ၌ ချေမှုန်းသတ်ဖြတ်သုတ်သင် ကန်တို့နှင့်ပူးပေါင်းသော အာရပ်ခေါင်းဆောင်များကို တိုက်ခိုက်ကြရန် သန္နိဋ္ဌာန်ပြု

ဒူဘိုင်း ဧပြီ ၉

အမေရိကန်များကို တွေ့သည့်နေရာတွင် သတ်ဖြတ်သုတ်သင်ရန်နှင့် အမေရိကန်နှင့် ပူးပေါင်းသည့် အာရပ် ခေါင်းဆောင်များကို တိုက်ခိုက်သွားရန် ဆော်ဒီအာရေဗျနိုင်ငံ၏ အလိုချင်ဆုံး ပြည်ပတိုက်ခိုက်ရေးသမားတစ်ဦးက သန္နိဋ္ဌာန်ပြု တိုက်တွန်းလိုက်သည်။

အမေရိကန်တို့သည် ယခုအခါမှ တကယ့်တိုက်ပွဲ၏ အရသာကို တွေ့ကြရပြီဖြစ်ကြောင်း မျက်နှာဖုံးစွပ်ထားသည့် အဗ္ဗဒူလာဇစ်အယ်လ်မူရင်က ပြောကြားသည်။

ကြုံနေ

အမေရိကန် တို့သည် နောက်ထပ် ဗီယက်နမ်စစ်နှင့် ကြုံနေကြရသည်ဟု ၎င်းကပြောဆိုသည်။

အမေရိကန်တို့ကို တွေ့ရာနေရာ၌ သတ်ဖြတ်ကြရန်၊ အစွမ်းရှိသလောက် အမေရိကန်တို့ကိုတိုက်ရန် ထိုမျက်နှာဖုံး စွပ်နှင့်လူက ပြောဆိုသည်။

ချေမှုန်းမည်

ထို့ပြင် အမေရိကန်တို့သည် သင်တို့ နိုင်ငံကိုသိမ်းထားသော ရန်သူများဖြစ်ကြောင်း၊ သို့ဖြစ်၍ အမေရိကန်တို့ကို ချေမှုန်းသုတ်သင်ကြရမည် ဖြစ်ကြောင်းလည်း ၎င်းက ပြောသည်။

အမ်အင်အေ၊ ရိုက်တာ

အီရတ်၌ သေဆုံးသော ကန်တပ်ဖွဲ့ဝင် ၆၄၉ ဦးရှိပြီ

ဝါရှင်တန် ဧပြီ ၁၀

အီရတ်နိုင်ငံတွင် ဧပြီ ၉ရက် သောကြာနေ့ ရောက်ချိန်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေသည် ၆၄၉ ဦးရှိပြီဖြစ်သည်။

ယင်းအနက် ၄၅၅ ဦးမှာ တိုက်ပွဲ၌ သေဆုံးခြင်း ဖြစ်ပြီး ၁၉၄ ဦးမှာ တိုက်ပွဲ၌ မဟုတ်ဘဲ သေဆုံးခြင်း ဖြစ်သည်။

မေ ၁ ရက်၌ စစ်ပွဲပြီးဆုံးခဲ့ချိန်မှ စပြီး သေဆုံးသော တပ်ဖွဲ့ဝင် အရေအတွက်မှာ ၅၁၁ ဦးဖြစ်ရာ ၃၄၆ ဦးမှာ တိုက်ပွဲ၌ သေဆုံးခြင်းဖြစ်ပြီး ၁၆၅ ဦးမှာ တိုက်ပွဲ၌မဟုတ်ဘဲ သေဆုံးခြင်းဖြစ်သည်။

အင်တာနက်

ဧပြီ၉ ရက်က မိုဆူးလ်မြို့တွင် အီရတ်ပြောက်ကျား တစ်ဦးက အမေရိကန်တပ်ဖွဲ့ဝင်များကို ပစ်ခတ်တိုက်ခိုက်ရန် ချိန်ရွယ်ထားစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်ရှိ ဂျပန်တပ်ဖွဲ့ဝင်များ ပထမဆုံးအကြိမ် ခြိမ်းခြောက်ခံရ ဝန်ကြီးချုပ် ဂျူနီချီရိုကူအိဇုမိ ထုတ်ဖော်ပြောကြား

တိုကျို ဧပြီ ၁၀

ဆာမာဝါရှိ ဂျပန်စခန်းအနီး၌ ဗုဒ္ဓဟူးနေ့က ပေါက်ကွဲမှုများသည် ဂျပန်တပ်ဖွဲ့ဝင်များကို ရည်ရွယ်တိုက်ခိုက်မှု ဖြစ်နိုင်စရာရှိကြောင်း၊ အီရတ်တွင် ဂျပန်တပ်ဖွဲ့ဝင်များသည် ပထမဆုံးအကြိမ် အကြမ်းဖက်ခြိမ်းခြောက်မှုနှင့် ကြုံနေရပြီဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ် ဂျူနီချီရိုကူအိဇုမိက ကြာသပတေးနေ့၌ အရိပ်အမြွက် ထုတ်ဖော်ပြောကြား လိုက်သည်။

ထိုဖြစ်ရပ်သည် ဂျပန်မြေပြင်ကာကွယ်ရေးတပ် (ဂျီအက်စ်ဒီအက်ဖ်)အနေဖြင့် လုံခြုံရေးကြောင့် ပြန်လည်တည်ဆောက်ရေး အကူအညီကို ပြန်လည်သုံးသပ်ရဖွယ် ရှိလာကြောင်း ထင်ကြေးများပေးနေစဉ် ဝန်ကြီးအဖွဲ့ အတွင်းဝန်ချုပ် ယာဆူအိုဖူကူဒါက ထိုသို့ပြောကြား လိုက်ခြင်းဖြစ်သည်။

ယင်းသည် တိုက်ခိုက်ရေးသမားတို့၏ ခြိမ်းခြောက်မှု၊ ကြိုးပမ်းမှုများ၏ အစိတ်အပိုင်းဖြစ်သည်ဟု ထင်ကြောင်း ဂျီအက်စ်ဒီအက်ဖ်စခန်းအနီး ဖြစ်ပွားခဲ့သော ပေါက်ကွဲမှု များကို ရည်ညွှန်းလျက် ကူအိဇုမိက သတင်းထောက်များ အား ပြောကြားသည်။

ထွက်ခွာစေလို

တိုက်ခိုက်ရေးသမားများသည် ဂျပန်ကိုယ်ပိုင် ကာကွယ်ရေးတပ်များ(အက်စ်ဒီအက်ဖ်) အမြန်ဆုံး ရုပ်သိမ်းသည်ကို မြင်လိုပြီး အမေရိကန်နှင့် အပေါင်းပါတပ်များကို ထွက်ခွာသွားစေလိုကြောင်း ဂျပန်ဝန်ကြီးချုပ်က ပြောကြားသည်။

ထို့ပြင် ဂျပန်ဝန်ကြီးအဖွဲ့ အတွင်းဝန်ချုပ် ယာဆူအိုဖူကူဒါက ဆာမာဝါရှိ ဂျီအက်စ်ဒီအက်ဖ်တပ်ဖွဲ့ဝင်များ၏ ပမာဏကို ဂျပန်အစိုးရက ပြန်လည်သုံးသပ်မည်ဆိုသည်မှာ မဟုတ်ကြောင်း ကြာသပတေးနေ့ ညပိုင်းတွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ ငြင်းဆိုလိုက်သည်။

အမ်အင်အေ၊ ဆင်ဟွာ

အမေရိကန်စစ်ယာဉ်တန်းအား အီရတ်ပြောက်ကျားများတိုက်ခိုက် ကိုးဦးထက်မနည်းသေဆုံး

ဘဂ္ဂဒက် ဧပြီ ၁၀

ဘဂ္ဂဒက်အနောက်ပိုင်း၌ လောင်စာဆီများ သယ်ဆောင်လာသော အမေရိကန်စစ်ယာဉ်တန်းကို သောကြာနေ့က အီရတ်ပြောက်ကျားများက တိုက်ခိုက်ခဲ့ရာ ကိုးဦးထက်မနည်း သေဆုံးသွားကြောင်း မျက်မြင်တွေ့ရှိသူများ၏ ပြောကြားချက်အရ သိရသည်။

လောင်ကျွမ်းနေဆဲ

အဘူဂါရိပ်ဒေသတွင် မီးလောင်နေသောကားများ၏ အတွင်းတွင် အလောင်းများကိုတွေ့ရှိခဲ့ကြောင်း၊ ၎င်းယာဉ်များ၌ မီးများဆက်လက်လောင်ကျွမ်းနေဆဲ ဖြစ်ကြောင်း၊ အဆိုပါယာဉ်တန်းတွင် အမေရိကန် စစ်ယာဉ်များနှင့် လောင်စာဆီသယ်ဆောင်သော ယာဉ်များ ပါဝင်ကြောင်း ရိုက်တာ သတင်းဌာနဓာတ်ပုံသတင်းထောက်က ဆိုသည်။ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ပြောက်ကျားတို့အကြား ပြင်းထန်စွာ တိုက်ပွဲများ ဖြစ်ပွားနေခြင်းကြောင့် အဘူဂါရိပ်ဒေသ ပတ်ဝန်းကျင်တွင် မီးခိုးလုံးကြီးများ ဖုံးလွှမ်းသွားခဲ့ကြောင်း ရိုက်တာက ဖော်ပြသည်။

အမ်အင်အေ၊ရိုက်တာ

စောင့်ကြပ်

ဧပြီ ၈ရက်က အမ်မာရာမြို့တွင် လုံခြုံရေး စောင့်ကြပ်နေသော ဗြိတိသျှတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တရုတ်နှင့်အီရန် ဆက်ဆံရေးတိုးမြှင့်မည်

ပေကျင်း ဧပြီ ၉

တရုတ်နိုင်ငံသည် သွင်ပြင်လက္ခဏာများအားလုံးတွင် အီရန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှု၊ အပြန်အလှန်ဖလှယ်မှုကို တိုးမြှင့်လိုကြောင်း၊ ထို့ပြင် ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးကိုလည်း တိုးမြှင့်ဆောင်ရွက်လိုကြောင်း တရုတ်သမ္မတ ဟူကျင်တောင်က ပေကျင်း၌ ကြာသပတေးနေ့က ပြောကြားလိုက်သည်။

သမ္မတဟူကျင်တောင်သည် အလည်ရောက်နေသော အီရန်ဒုတိယသမ္မတမိုဟာမက်ဆီတာရီဖာအား ထိုသို့ ပြောကြားခြင်းဖြစ်သည်။ သမ္မတဟူကျင်တောင်က နှစ်နိုင်ငံခေါင်းဆောင်များ ဂရုတစိုက်နှင့် တိုးမြှင့်ဆောင်ရွက်မှုတို့ဖြင့် တရုတ်နှင့် အီရန်နိုင်ငံတို့၏ ဆက်ဆံမှုများသည် ရာစုနှစ်သစ်တွင် ပိုမိုတိုးတက်ခဲ့သည်ဟု ပြောဆိုသည်။ **အမ်အင်အေ၊ ဆင်ဟွာ**

ဖော်လူဂျာ၌ ထိုးစစ်ဆင်တိုက်ခိုက်မှုများ အမေရိကန်တပ်ဖွဲ့များ ရပ်ဆိုင်းလိုက်ရပြီ

ဘဂ္ဂဒက် ဧပြီ ၁၀

အမေရိကန်တပ်ဖွဲ့များသည် လူသားချင်း စာနာမှုဆိုင်ရာ ဆောင်ရွက်မှုများကို ခွင့်ပြုရန်နှင့် ခုခံတိုက်ခိုက်ရေးပြောက်ကျားများနှင့် စတင်ဆွေးနွေးရန် ကြိုးပမ်းရန်အတွက် သောကြာနေ့ နေ့လယ်ပိုင်းတွင် ဖော်လူဂျာမြို့၌ ထိုးစစ်ဆင်တိုက်ခိုက်နေမှုများကို ရပ်ဆိုင်းလိုက်ကြောင်း အီရတ်ရှိ အမေရိကန်အုပ်ချုပ်ရေးမှူးက ပြောကြားသည်။

အုပ်ချုပ်ရေးကောင်စီဝင်များ၊ ဒေသခေါင်းဆောင်များနှင့် အပေါင်းပါတပ်ဖွဲ့ဆန့်ကျင်ရေး ခေါင်းဆောင်ပိုင်းတို့ အစည်းအဝေးလုပ်ခွင့်ပြုရန်အတွက် ဖော်လူဂျာ၌ ထိုးစစ်ဆင်မှုများကို ယနေ့ နေ့လယ်ပိုင်း၌ အမေရိကန်တပ်များက ရပ်ဆိုင်းလိုက်ကြောင်း ပေါလ်ဘရီမာက သတင်းထောက်များအား ပြောကြားသည်။ အမေရိကန်စစ်ဘက်ဆိုင်ရာသည် ယခုသီတင်းပတ်အစောပိုင်း၌ ဖော်လူဂျာတွင် ထိုးစစ်စတင်ဆင်နွှဲခဲ့ရာ မရိန်းတပ်ဖွဲ့ဝင်များ အကြီးအကျယ်သေဆုံးမှုများရှိခဲ့ပြီး အီရတ် ၃၀၀ မျှထိ သေဆုံးခဲ့သည်။

ထိုးစစ်များ ရပ်ဆိုင်းထားခြင်းသည် သက်ဆိုင်ရာအီရတ်ဝန်ကြီးဌာနများကို အထောက်အကူပစ္စည်းများနှင့် အခြားထောက်ပံ့ရေးပစ္စည်းများ ဖြန့်ဝေခွင့်ပြုမည့်အပြင် ဖော်လူဂျာဒေသခံများအနေဖြင့် ၎င်းတို့၏ ထိခိုက်ဒဏ်ရာရသူများနှင့် သေဆုံးသူများကို ဂရုတစိုက် ကူညီလုပ်ကိုင်ပေးနိုင်ရန် ဖြစ်ကြောင်း ဘရီမာက ပြောကြားသည်။ **အမ်အင်အေ၊ ရိုက်တာ**



ဖော်လူဂျာနှင့်ရာမာဒီမြို့များတွင် တိုက်ပွဲများဆက်လက်ဖြစ်ပွား ပြောက်ကျားတို့က ဒုံးပစ်လောင်ချာ၊ လက်နက်ငယ်များနှင့်ပစ်ခတ်

ဘဂ္ဂဒက် ဧပြီ ၉

ဆက်ဒမ်ဟူစိန်ကို ဖယ်ရှားသည့် အီရတ်စစ်ပွဲစခဲ့သည့် အချိန်မှစပြီး တိုက်ပွဲကြောင့် အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်သည် ဗုဒ္ဓဟူးနှင့် ကြာသပတေးနေ့၌ နောက်ထပ်သေဆုံးသော တပ်ဖွဲ့ဝင်ခြောက်ဦးနှင့်ဆိုလျှင် ၄၄၉ဦး ရှိသွားပြီဖြစ်သည်။

အမေရိကန်စစ်ဘက်ဆိုင်ရာက ထုတ်ပြန်သောကြေညာချက်တွင် အီရတ်အနောက်ပိုင်း၌ မရိန်းတပ်ဖွဲ့ဝင် နှစ်ဦးသေဆုံးကြောင်း၊ အီရတ်အနောက်ပိုင်းရှိ ဖော်လူဂျာနှင့်ရာမာဒီမြို့များ ငြိမ်းအေးစေရန် ကြိုးပမ်းသော မရိန်းတပ်ဖွဲ့ဝင်များနှင့် အီရတ်ခုခံတိုက်ခိုက်ရေးပြောက်ကျားများ တိုက်ပွဲပြင်းထန်လျက်ရှိကြောင်း ဖော်ပြထားသည်။

သေဆုံး

အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးမှာမူ ဘဂ္ဂဒက်မြောက်ဘက်ရှိ စခန်းတစ်ခုကို ဗုဒ္ဓဟူးနေ့ညနေပိုင်းက ဒုံးကျည် တစ်စင်းဖြင့် ပစ်ခတ်ခံရခြင်းကြောင့် သေဆုံးပြီး နောက်တစ်ဦးသည် ဆာမာရာရှိ စစ်ဆေးရေးစခန်းကို ပစ်ခတ်မှုကြောင့် သေဆုံးခြင်းဖြစ်သည်။ ကြာသပတေးနေ့တွင် အမေရိကန် အမှတ်(၁) သံချပ်ကာတပ်မှ တပ်ဖွဲ့ဝင်တစ်ဦး ဘဂ္ဂဒက်၌ လမ်းဘေးဗုံးပေါက်ကွဲပြီး ပြောက်ကျားတို့က ဒုံးပစ်လောင်ချာ၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ခြင်းကြောင့် သေဆုံးသည်ဟု ကြေညာချက်၌ ဖော်ပြထားသည်။

တိုက်ခိုက်ခံရ

ထို့ပြင် နောက်ထပ်တပ်ဖွဲ့ဝင်တစ်ဦးသည်လွန်ခဲ့သည့်တနင်္လာနေ့က မိုဆူးလ်၌ ယာဉ်တန်းတိုက်ခိုက်ခံရရာမှ ရရှိခဲ့သော ဒဏ်ရာဖြင့် ကြာသပတေးနေ့က သေဆုံးခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ**

လုံခြုံရေးစောင့်ကြပ်

ဧပြီ ၉ ရက်က ဘဂ္ဂဒက်မြို့ ရှယ်ရတွန်ဟိုတယ်အနီး လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကိုတွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်ရှိအမေရိကန်နှင့်အပေါင်းပါ တပ်ဖွဲ့ဝင်များ လှုပ်လေမြုပ်လေ အနေအထားနှင့်ရင်ဆိုင်နေရ

ဘဂ္ဂဒက် ဧပြီ ၉

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ကျဆုံးသည်မှာ ယနေ့ဆိုလျှင် တစ်နှစ်လည်သွားပြီ ဖြစ်သော်လည်း အီရတ်နိုင်ငံတစ်ဝန်း၌ ယခုတိုင် အကြမ်းဖက်တိုက်ခိုက်မှုများ ပြန့်ပွားနေဆဲဖြစ်သည်။ အီရတ်နိုင်ငံ၏ မြို့အတော်များများတွင် ယမန်နေ့က အမေရိကန်ဦးဆောင်သော တပ်ဖွဲ့များသည် ပြင်းထန်သော တိုက်ပွဲများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရပြီး မြို့များတွင် မတည်ငြိမ်မှုဂယက်များ ထကြွလာမှုနှင့်လည်း ရင်ဆိုင်လာရသည်။

အမေရိကန်တို့သည် အခြေအနေကိုထိန်းချုပ်နိုင်ရန် ကြိုးပမ်းနေကြရပြီး ဖော်လူဂျာမြို့၌ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ခုခံတိုက်ခိုက်ရေးသမားများ တိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွားလျက်ရှိကာ အီရတ်သုံးရာခန့်သေဆုံးပြီး လေးရာခန့်ဒဏ်ရာရရှိခဲ့သည်။ အမေရိကန်မရိန်းတပ်ဖွဲ့ဝင် ၁၂ ဦးသေဆုံးခဲ့သည့် ရာမာဒီမြို့၌လည်း တိုက်ပွဲများပြင်းထန်နေသည်။

အမေရိကန်တို့သည် ဖော်လူဂျာ၊ ကာဘာလာနှင့် ဘဂ္ဂဒက်အနောက်ဖျားစွန်းဒေသ အာဘူဂရက်ဘ်တို့တွင် မြို့ပြစစ်ပွဲဟင်းလင်းပြင်အတွင်း ရောက်ရှိနေသကဲ့သို့ ရင်ဆိုင်ကြုံတွေ့နေရကြောင်း မျက်မြင်သက်သေများက ပြောကြားသည်။

ယခုကဲ့သို့ အခြေအနေများကြောင့် အီရတ်ရှိ အမေရိကန်တပ်များသည် ဗီယက်နမ်စစ်ပွဲပုံစံမျိုး လှုပ်လေ မြုပ်လေအနေအထားနှင့် ရင်ဆိုင်နေရကြောင်း သမ္မတဘုရှ်အား ထောက်ပြဝေဖန်မှုများ ထွက်ပေါ်လျက်ရှိသည်။ **(စီစီတီဗွီ)**

အီရတ်တောင်ပိုင်းရှိ ဂျပန်တပ်ဖွဲ့စခန်းအနီး ပေါက်ကွဲသံများကြားရ

တိုကျို ဧပြီ ၈

ဂျပန်တပ်ဖွဲ့ဝင်များ အခြေစိုက်ရာ အီရတ်နိုင်ငံတောင်ပိုင်းတွင် စခန်းတစ်ခုအနီး၌ ပေါက်ကွဲသံများကြားရကြောင်း၊ သို့ရာတွင် ဂျပန်တပ်ဖွဲ့ဝင်များအတွင်း ထိခိုက်ဒဏ်ရာရမှုသတင်း မရရှိကြောင်း တိုကျိုရှိ ကာကွယ်ရေးဝန်ကြီးဌာန ပြောခွင့်ရှိသူက တိုကျို၌ ကြာသပတေးနေ့က ပြောကြားသည်။

ဗုဒ္ဓဟူးနေ့ညက ဖြစ်ပွားသည့် ယင်းပေါက်ကွဲမှုများကို စစ်ဆေးလျက်ရှိသော်လည်း နောက်ထပ် သတင်းမရရှိကြောင်း ၎င်းကပြောကြားသည်။

စခန်းအပြင်ဘက်၌ စိန်ပြောင်း ကျည်ဆန်အချို့ကို တွေ့ရကြောင်း ကျိုဒိုသတင်းဌာနက ဖော်ပြသည်။ သို့ရာတွင် အတည်မပြုနိုင်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောသည်။

အီရတ်နိုင်ငံတောင်ပိုင်း ဆာမာဝါ၌ အခြေစိုက်ထားသော ဂျပန်မြေပြင်တပ်ဖွဲ့ဝင် ၅၅၀ ခန့်ရှိပြီး တိုက်ခိုက်ရေးမဟုတ်သော တပ်ဖွဲ့ဝင်များ ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ

ဒီဝါနီယာ၌ စပိန်တပ်ဖွဲ့ဝင်များတိုက်ခိုက်ခံရ

မက်ဒရစ် ဧပြီ ၉

အီရတ်နိုင်ငံမြောက်ပိုင်း ဒီဝါနီယာတွင် ကြာသပတေးနေ့ညက ချုံခို တိုက်ခိုက်ခြင်းခံရသဖြင့် စပိန်တပ်ဖွဲ့ဝင်သုံးဦး ဒဏ်ရာရရှိကြောင်း စပိန်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

စပိန်ကင်းလှည့်တပ်ဖွဲ့ကို အယ်လ်မာဒီတပ်ဟု ဆိုသော အဖွဲ့ဝင်များက ဒီဝါနီယာရှိတံတားတစ်ခုကို အဖြတ်တွင် တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

စပိန်ဝန်ကြီးချုပ်အဖြစ် အရွေးခံထားရသော ဂျို့စ်လူဝစ်ရိုဒရီဂုဇ်ဇာပါတီရိုက အကယ်၍ ကုလသမဂ္ဂသည် အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်တာဝန်ရှိသူများထံမှ တာဝန်လွှဲပြောင်းယူခြင်းမရှိလျှင် ဇွန် ၃၀ ရက်မတိုင်မီ၌ စပိန်တပ်များကို အီရတ်မှ ရုပ်သိမ်းမည်ဖြစ်ကြောင်း ကတိပြုထားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဧပြီ ၉ ရက်က ဘဂ္ဂဒက်မြို့ အဘူဂါရိပ်အရပ်တွင် အီရတ်တို့တိုက်ခိုက်ခံရမှုကြောင့် အမေရိကန်စစ်ယာဉ်တစ်စီး ပျက်စီးနေသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကလေးများယာဉ်မတော်တဆဖြစ်ပြီး သေဆုံးရမှု တောင်အာဖရိက၌ အဓိကပြဿနာဖြစ်

ဂျိုဟန်နစ္စဘတ် ဧပြီ ၈

တောင်အာဖရိကနိုင်ငံတွင် ယာဉ်မတော်တဆတိုက်မှုများသည် အသက်လေးနှစ်နှင့် ၁၅ နှစ်ကြားရှိ ကလေးငယ်များကို အများဆုံးသေဆုံးစေသော အဓိကအကြောင်းအရာပြဿနာဖြစ်သည်ဟု ကျွမ်းကျင်ပညာရှင်တစ်ဦးက အင်္ဂါနေ့၌ ပြောကြားသည်။

တောင်အာဖရိကနိုင်ငံ၏လမ်းများပေါ်တွင် နေ့စဉ် ပျမ်းမျှကလေးနှစ်ဦး သေဆုံးကြောင်း ကမ္ဘာ့ကျန်းမာရေးနေ့အကြိုရက်၌ ဝက်စ်တင်းကိပ် ကျန်းမာရေးအာဏာပိုင်ပီယက်မီယာက စတင်ပြီး လင်ဘော့စ်ချ်၌ ပြောကြားသည်။

သေဆုံး

မတော်တဆ ယာဉ်တိုက်မှုများသည် ကမ္ဘာတွင် လျစ်လျူရှုအခံရဆုံးသော ကျန်းမာရေးကိစ္စရပ်တစ်ခုဖြစ်ပြီး နှစ်စဉ် ကမ္ဘာ့လမ်းများပေါ်တွင် လူနှစ်သန်းကျော် အကြီးအကျယ် ဒဏ်ရာရခဲ့ကြသည်။ သို့မဟုတ်သေဆုံးခဲ့ကြသည်။

ပြောကြား

ထိုသေဆုံးသူများအနက် ၉၀ရာခိုင်နှုန်းမှာ ဖွံ့ဖြိုးဆဲနိုင်ငံများမှ ဖြစ်ကြောင်း မီယာကပြောကြားသည်။ကမ္ဘာ့လူဦးရေ၏၁၀ပုံတစ်ပုံရှိသောအာဖရိကတိုက်တွင် ကမ္ဘာ့ကလေးငယ် သေဆုံးမှု၏ ၅၀ရာခိုင်နှုန်းမျှရှိသည်ဟု ၎င်းက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဖော်လူဂျာရှိအီရတ်တို့အား အကူအညီပေးရန် အီရတ်ထောင်ပေါင်းများစွာ ဖော်လူဂျာသို့ချီတက်

ဘဂ္ဂဒက် ဧပြီ ၉

အမေရိကန်မရိန်းတပ်များ ဝိုင်းထားသော ဖော်လူဂျာမြို့သို့ ကားဒါဇင်များစွာအထောက်အကူပြုလျက် အီရတ်လူမျိုးထောင်ပေါင်းများစွာသည် ကြာသပတေးနေ့က ရှေးရှုချီတက်သွားခဲ့ကြသည်။

အီရတ်အသင်းအဖွဲ့တစ်ခုက ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့ရာတွင် ဖော်လူဂျာ ဒေသခံများထံ အစားအစာ၊ ဆေးဝါးနှင့် လိုအပ်သည့် သွေးများ ကူညီကြရန်နှင့် ချီတက်သွားရောက်ကြရန် တိုက်တွန်းထားသည်။

လွန်ခဲ့သည့် လေးရက်၌အဆိုပါ ဖော်လူဂျာမြို့တွင် ခုခံတိုက် ခိုက်ရေးပြောက်ကျားများကို အမေရိကန် မရိန်းတပ်ဖွဲ့ဝင်များက စတင် တိုက်ခိုက်ခဲ့ချိန်မှစပြီး အီရတ်အရပ်သား ဒါဇင်ပေါင်းများစွာသေဆုံးခဲ့ကြရသည်။ သို့မဟုတ် ဒဏ်ရာရခဲ့ကြသည်။ ဘဂ္ဂဒက်ပြည်သူများသည် ဖော်လူဂျာမိသားစုများထံသို့ အစားအစာ၊ ဆေးဝါးနှင့်လိုအပ်သည့်သွေးများကို ကားအစီး ၉၀ ဖြင့် ပို့ပေးရန် ဆုံးဖြတ်ထားကြောင်း အီရတ်အသင်းအဖွဲ့တစ်ခု၏ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ရှိစ်အာမက်အဗ္ဗဒူဂါဖာအယ်လ်ဆာမာရေးက သတင်းထောက်များကို ပြောကြားသည်။ အမေရိကန်စစ်လေယာဉ်များ တင့်ကားများဖြင့် ဝိုင်းထားပြီး တိုက်ခိုက်ခြင်းခံရသော ဖော်လူဂျာရှိ မိမိတို့ ညီအစ်ကိုတော်များကို မိမိတို့၏စည်းလုံးမှုကို ပြသလိုကြောင်း ၎င်းကပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အီရတ်လုံခြုံရေးအခြေအနေ ပိုမိုယိုယွင်း
အရပ်သားများ သေဆုံးမှုမြင့်တက်လာ

ဘဂ္ဂဒက် ဧပြီ ၉

အီရတ်နိုင်ငံ၌ လုံခြုံရေးအခြေအနေ ပိုမိုယိုယွင်းလာသည်နှင့်အမျှ အရပ်သားများ သေကျေမှုများလည်း မြင့်တက်လာနေသည်။ ယခုရက်ပိုင်းအတွင်း အီရတ်အရပ်သား ၂၈၀ ခန့် သေဆုံးခဲ့ရကြောင်း သိရသည်။

ဖော်လူဂျာမြို့တွင် အီရတ်ခုခံတိုက်ခိုက်ရေးသမားများက အမေရိကန်တို့ကို အပြင်းအထန် ထိုးနှက်နေသည့်နည်းတူ အီရတ်ခေါင်းဆောင် အယ်ဆာဒါ၏ တပ်ဖွဲ့များနှင့် ရင်ဆိုင်တိုက်ခိုက်ရလျက် ရှိသည်။

ယခုကဲ့သို့ အခြေအနေများကြောင့် အမေရိကန်တပ်ဖွဲ့များ အီရတ်သို့ ထပ်ပို့ပေးသင့် မသင့် ပင်တဂွန်၌ အချေအတင်ဆွေးနွေးနေရသည်။ ဖော်လူဂျာ၌ တိုက်ပွဲများပြင်းထန်နေသည့်အတွက် အမေရိကန်တပ်ဖွဲ့များက ဘဂ္ဂဒက်မှ တပ်ကူခေါ်ခဲ့ရသည်။

ကြေညာ

နိုင်ငံတစ်ဝန်း အခြေအနေ အရပ်ရပ် ရှုပ်ထွေးနေချိန်၌ မူဂျာဟာစကွာဒရမ်အမည်ရှိ အုပ်စုတစ်စုက ဂျပန်သတင်းစာဆရာနှစ်ဦးနှင့် ကယ်ဆယ်ကူညီရေးအဖွဲ့ ဝန်ထမ်းတစ်ဦးကို ဓားစာခံဖမ်းဆီးထားကြောင်း ဗီဒီယိုတိပ်ခွေနှင့်တကွ အယ်ဂျာဇီးယားရုပ်သံက ထုတ်လွှင့်ကြေညာခဲ့သည်။

ပြသ

အလားတူ အစ္စရေး အာရပ်နှစ်ဦးကိုလည်း ဖမ်းဆီးထားကြောင်း အစ္စရေးရုပ်သံမှ ပြသခဲ့ရာ တစ်ဦးမှာ အမေရိကန်နိုင်ငံမှ ယာဉ်မောင်းသူဖြစ်ကြောင်း သိရသည်။

ခြိမ်းခြောက်

ယခုကဲ့သို့ ဆောင်ရွက်ခြင်းမှာ မည်သည့်အုပ်စုလက်ချက်ဟု မသိရသေးသော်လည်း အယ်ဆာဒါ၏သစ္စာခံများက အမေရိကန်တပ်ဖွဲ့ဝင်များကို ဖမ်းဆီး ဓားစာခံလုပ်မည်ဟု ခြိမ်းခြောက်ဖူးကြောင်း သိရသည်။ **(စီအင်န်အင်န်)**

ဧပြီ ၈ရက်က စပိန်နိုင်ငံ မက်ဒရစ်မြို့ရှိ အမေရိကန်သံရုံးအပြင်ဘက်တွင် အီရတ်စစ်ပွဲအတွင်း စပိန်သတင်းစာဆရာတစ်ဦး သေဆုံးခဲ့ရသည့်နှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် အီရတ်စစ်ပွဲနှင့် အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြနေသူများကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကန်နှင့်အပေါင်းပါတပ်များ နိုင်ငံတကာဥပဒေလေးစားရန်
အာရပ်အဖွဲ့ချုပ် အတွင်းရေးမှူးချုပ်တိုက်တွန်း

ကိုင်ရို ဧပြီ ၉

အီရတ်နိုင်ငံ၌ ခုခံတိုက်ခိုက်ရေး ပြောက်ကျားများနှင့် အမေရိကန်နှင့် အပေါင်းပါတပ်များ လက်နက်ကိုင်ပဋိပက္ခမှုများ ပိုပြင်းထန်နေချိန်အတွင်း နိုင်ငံတကာဆိုင်ရာ ဥပဒေကိုလေးစားကြရန် အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်များကို အာရပ်အဖွဲ့ချုပ် (အေအယ်လ်)အတွင်းရေးမှူးချုပ် အမီရာမူဆာက ကြာသပတေးနေ့တွင် တိုက်တွန်းလိုက်သည်။

အီရတ်၌ဖြစ်ပွားနေသော သွေးထွက်သံယိုမှုများကို မိမိတို့စိုးရိမ်ကြောင်း မူဆာကပြောကြားသည်ဟု မီနာသတင်းဌာနက ပြောကြားသည်။

အရပ်သားများကို ထိခိုက်နာကျင်အောင်လုပ်သည့် လုပ်ရပ်များကို ပြစ်တင်ရှုတ်ချရန် မိမိတို့တောင်းဆိုကြောင်းနှင့် နိုင်ငံတကာဥပဒေကိုလေးစားရန် တောင်းဆိုကြောင်း ၎င်းက ပြောကြားသည်။

ဖော်ပြ

အီရတ်ပြည်သူများကို ထိခိုက်သေဆုံးစေမှုများ ရပ်တန့်ရန်၊ အီရတ်နိုင်ငံအား ဖျက်ဆီးမှုနှင့် သိမ်းပိုက်ထားမှုကို အမြန်ဆုံးအဆုံးသတ်ရန်လည်း အေအယ်လ်အကြီးအကဲက တိုက်တွန်းကြောင်း မီနာက ရေးသားဖော်ပြသည်။

အီရတ်၌ဖြစ်ပျက်နေမှုများအပေါ် အာရပ်တို့ နှုတ်ဆိတ်နေခြင်းသည် အလွန်အန္တရာယ်ကြီးမားကြောင်း၊ အာရပ်နိုင်ငံများအဖွဲ့အစည်းက ထိုကိစ္စကို ဆောင်ရွက်သွားရန် သန္နိဋ္ဌာန်ပြုကြောင်း မူဆာက ပြောကြားသည်။

ဆောင်ရွက်သင့်

အာရပ်အဖွဲ့ချုပ်သည် အကူအညီပေးရန် အရာရာကို လုပ်ဆောင်မည်ဖြစ်ကြောင်း၊ အီရတ်နိုင်ငံအနေဖြင့် အချုပ်အခြာအာဏာကို နဂိုအတိုင်း ပြန်ရသင့်သည်မှာ သဘာဝကျကြောင်း၊ အန္တရာယ်ရှိသော အခြေအနေတစ်ရပ်ကို ကုလသမဂ္ဂက အဓိကကိုင်တွယ်ဆောင်ရွက်သင့်ကြောင်း မူဆာက ဆိုသည်။

အမ်အင်အေ၊ ဆင်ဟွာ

အီရတ်နိုင်ငံ တောင်ဘက်တစ်ဝန်း
ဆန့်ကျင်တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွား

ဖော်လူဂျာ ဧပြီ ၈

အီရတ်နိုင်ငံ ဖော်လူဂျာမြို့ကို အမေရိကန်မရိန်းတပ်ဖွဲ့ဝင်များက အပြင်းအထန် ထိုးစစ်ဆင်မှုများပြုလုပ်နေစဉ် နိုင်ငံတောင်ဘက်တစ်ဝန်း၌ အီရတ်တို့က အမေရိကန်ဦးဆောင်သော တပ်ဖွဲ့ဝင်များအား ကန့်ကွက်ဆန့်ကျင်တိုက်ခိုက်မှုများ ပြီးခဲ့သော အင်္ဂါနေ့က ဆက်လက်ဖြစ်ပွားခဲ့သည်။

တိုက်ခိုက်မှုများအတွင်း အမေရိကန်မရိန်းတပ်ဖွဲ့ဝင်များနှင့် အနည်းဆုံး အီရတ်လူမျိုး ၈၄ ဦးသေဆုံးခဲ့ကြောင်း အယ်လ်ဂျာဇီယာရုပ်သံက သတင်းကြေညာသည်။ ပြီးခဲ့သောအင်္ဂါနေ့၌ ထိခိုက်သေဆုံးမှုများနှင့်အတူ ပြီးခဲ့သော သုံးရက်အတွင်း သေဆုံးသူ အမေရိကန်ဦးဆောင်သော တပ်ဖွဲ့ဝင် ၃၀ ရှိပြီး အီရတ်ပြည်သူ ၂၀၀ ခန့်ရှိသည်။

လွန်ခဲ့သောနှစ်အစောပိုင်းက အီရတ်စစ်ပွဲကို အမေရိကန်သမ္မတ ဘုရှ်ကြေညာခဲ့ပြီးနောက်ပိုင်း ယခုအခါ နိုင်ငံတစ်ဝန်းမြို့များတွင် ပြင်းထန်သော တိုက်ခိုက်မှုများ ဖြစ်ပွားလျက်ရှိပြီး ဖော်လူဂျာနှင့် ရာမာဒီမြို့တွင် အီရတ်လက်နက်ကိုင်များနှင့် အမေရိကန်ဦးဆောင်သော တပ်ဖွဲ့ဝင်များ တိုက်ခိုက်မှုများ ဖြစ်ပွားလျက်ရှိသည်။

တောင်ပိုင်းဒေသများ၌လည်း အီရတ်ခေါင်းဆောင် အယ်လ်ဆာဒါကို ထောက်ခံသူများက ဆန့်ကျင်တော်လှန်လျက်ရှိရာ အမေရိကန်တပ်ဖွဲ့ဝင်များက ဒေသအတွင်းပြီးခဲ့သော အင်္ဂါနေ့ညက ဒုံးကျည်များဖြင့် ပစ်ခတ်ခဲ့သဖြင့် နေအိမ်လေးလုံး ထိမှန်ပျက်စီးခဲ့သည်။ အေစီ-၁၃၀ လက်နက်ကြီးများ၊ ကိုဘရာရဟတ်ယာဉ်များ အသုံးပြုပြီးတိုက်ခိုက်ကာ နယ်မြေထိန်းသိမ်းရန် ကြိုးပမ်းခဲ့သည်။ **(စီစီတီဗွီ)**

မရိန်းတပ်ဖွဲ့ဝင်များနှင့် အီရတ်ခုခံတိုက်ခိုက်ရေး ပြောက်ကျားများ သီတင်းတစ်ပတ်လုံး တိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွားခဲ့

ဖော်လူဂျာ ဧပြီ ၉

ဖော်လူဂျာမြို့တွင် ခုခံတိုက်ခိုက်ရေး ပြောက်ကျားများကို အမေရိကန် မရိန်းတပ်ဖွဲ့ဝင်များက ထိုးစစ်ဆင်နွှဲ တိုက်ခိုက်လျက်ရှိရာ ယခုသီတင်းပတ်အတွင်း မရိန်းတပ်ဖွဲ့ဝင်များနှင့် ခုခံတိုက်ခိုက်ရေး ပြောက်ကျားတို့ဖြစ်ပွားခဲ့သော တိုက်ပွဲများ၌ အီရတ်လူမျိုး ၂၈၀ နှင့် ၃၀၀ ကြား သေဆုံးခဲ့ ပြီး ၄၀၀ ထက်မနည်း ဒဏ်ရာရခဲ့သည်ဟု ရာဖီဟာယတ် ဆေးရုံကြီးမှ ညွှန်ကြားရေးမှူးက ပြောကြားသည်။

ဖြစ်ပွား

ယခုသီတင်းပတ်လုံး ဖော်လူဂျာ၌ တိုက်ပွဲများ အပြင်းအထန်ဖြစ်ပွားခဲ့သည်ဟု ရိုက်တာက သတင်းရေးသားဖော်ပြသည်။

သေဆုံး

လွန်ခဲ့သည့်အပတ်၌ အမေရိကန် ပုဂ္ဂလိက လုံခြုံရေးအစောင့်လေးဦး အသတ်ခံခဲ့ရပြီးနောက် အမေရိကန်မရိန်းတပ်ဖွဲ့ဝင်များက ခုခံတိုက်ခိုက်ရေး ပြောက်ကျားများကို ထိုးစစ်ဆင်နွှဲခဲ့ရာမှ ယခုကဲ့သို့ သီတင်းတစ်ပတ်လုံး တိုက်ပွဲကြီးများ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

တိုက်ပွဲသည် ရာမာဒီ၌လည်း ဖြစ်ပွားခဲ့ရာ ယခုသီတင်းပတ်၌ မရိန်းတပ်ဖွဲ့ဝင် ၁၂ဦးသေဆုံးခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ**



မိုဇမ်ဘစ်နှင့် ရှန်ဟဲကုန်သွယ်မှုတိုးတက်

ရှန်ဟဲ ဧပြီ ၉

မိုဇမ်ဘစ်သမ္မတ ဂျိုကွင်အယ်လ်ဘာတိုချီဆာနိုသည် ကြာသပတေးနေ့က ရှန်ဟဲမြို့သို့ ရောက်ရှိလာပြီး ဒုတိယမြို့တော်ဝန် ကျင်စီရှင်းနှင့် ညနေပိုင်းတွင် တွေ့ဆုံခဲ့သည်။ ရှန်ဟဲသို့ ယခုလာရောက်ချိန်သည် တတိယအကြိမ်ဖြစ်ပြီး ရှန်ဟဲမြို့၏စီးပွားရေး လျင်မြန်စွာဖွံ့ဖြိုးတိုးတက်မှုကို တွေ့ရသဖြင့် စိတ်လှုပ်ရှားရမှုဖြစ်ရကြောင်း ချီဆာနိုက ပြောကြားသည်။

ရှန်ဟဲစီးပွားရေးလုပ်ငန်းများ မိုဇမ်ဘစ်တွင် ပိုမိုရင်းနှီးမြှုပ်နှံမည်ဟုမျှော်လင့်ကြောင်း ၎င်းကပြောဆိုသည်။ ရှန်ဟဲနှင့် မိုဇမ်ဘစ်ကြား စီးပွားရေးဆက်ဆံမှုများသည် လွန်ခဲ့သည့်နှစ်အနည်းငယ်အတွင်း၌ မှန်မှန်တိုးတက်လာခဲ့သည်။

အမ်အင်အေ၊ ဆင်ဟွာ

ယှဉ်ပြိုင်ကစား

ဧပြီ ၉ ရက်က အင်္ဂလိပ်ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ အာဆင်နယ်နှင့် လီဗာပူးအသင်းတို့ ယှဉ်ပြိုင်ပွဲတွင် လီဗာပူးမှ ဟာရီကီဝဲလ် ထိုးဖောက်ကစားစဉ်။ (ယင်းပွဲတွင် အာဆင်နယ်အသင်းက လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။)

(ဓာတ်ပုံ-အင်တာနက်)

ရသေ့တောင်မြို့နယ် မိုးစဲကျွန်းရှိ မြတ်ဗုဒ္ဓ၏ပါဒခြေတော်ရာ မဟာသုဝဏ္ဏပါသာဒဂန္ဓကုဋိကျောင်းတော်ကြီး ကြေးပြာသာဒ်တော် အာရုံခံစောင်းတန်း၊ ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တင်လှူပွဲ မင်္ဂလာအခမ်းအနား နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်တက်ရောက်၍ ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တင်လှူပူဇော်

ရန်ကုန် ဧပြီ ၁၀

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၉ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့်ထွက်ခွာကြရာ ရခိုင်ပြည်နယ် စစ်တွေမြို့သို့ နံနက် ၈ နာရီ ၄၅ မိနစ်တွင် ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဧပြီ၉ရက်က ရသေ့တောင်မြို့နယ် မိုးစဲကျွန်းရှိ မြတ်ဗုဒ္ဓ၏ပါဒခြေတော်ရာ မဟာသုဝဏ္ဏပါသာဒ ဂန္ဓကုဋိ ကျောင်းတော်ကြီးနှင့် အတွင်းကြေးပြာသာဒ်တော်အာရုံခံ စောင်းတန်း၌ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို တင်လှူပူဇော်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များအား ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌအနောက်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မောင်ဦး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်နှင့် စစ်ဘက် နယ်ဘက်မှ အရာရှိများနှင့် လူမှုရေး အသင်းအဖွဲ့များက ကြိုဆိုကြသည်။

ပါဒခြေတော်ရာ

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ သည် ရခိုင်ပြည်နယ် အေးချမ်းသာယာ ရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မောင်ဦး လိုက်ပါလျက် တပ်မတော် ရဟတ်ယာဉ်များဖြင့် ရသေ့တောင်မြို့နယ် မိုးစဲကျွန်းပေါ်ရှိ မြတ်ဗုဒ္ဓ၏ ပါဒခြေတော်ရာသို့ ရောက်ရှိကြသည်။

ထို့နောက် ရသေ့တောင်မြို့နယ် မိုးစဲကျွန်းပေါ်ရှိ မြတ်ဗုဒ္ဓ၏ ပါဒ ခြေတော်ရာ မဟာသုဝဏ္ဏပါသာဒ ဂန္ဓကုဋိကျောင်းတော်ကြီးနှင့် အတွင်း ကြေးပြာသာဒ်တော်အာရုံခံစောင်းတန်း ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တင်လှူပွဲ မင်္ဂလာအခမ်း အနားကို အဆိုပါဂန္ဓကုဋိကျောင်း တော်ကြီး၌ ကျင်းပရာ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ရွှေထီးတော်တင်လှူ ပူဇော်သည်။

မင်္ဂလာအခမ်းအနားသို့ အလိုတော် ပြည့်ကျောင်းတိုက်များ၏ ပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ အလိုတော်ပြည့် ဆရာတော် ဘဒ္ဒန္တအရိယဝံသ အမှူး ပြုသော ဆရာတော် သံဃာတော် အရှင်သူမြတ်များ ကြွရောက်တော်မူ ကြပြီး နိုင်ငံတော်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ရခိုင်ပြည် နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ် မောင်ဦး၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီး များ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာန ဆိုင်ရာ အကြီးအကဲများ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီဝင်များ၊ လူမှုရေးအသင်း အဖွဲ့များ၊ အလှူရှင်များနှင့် ဒေသခံ တိုင်းရင်းသားပြည်သူများတက်ရောက် ကြသည်။

ဖူးမြော်ကြည်ညို

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မြတ်ဗုဒ္ဓ၏ ပါဒခြေတော်ရာကို ဖူးမြော်ကြည်ညို သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဧပြီ၉ရက်က ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် မိုးစဲကျွန်းရှိ မြတ်ဗုဒ္ဓ၏ပါဒခြေတော်ရာ မဟာသုဝဏ္ဏပါသာဒ ဂန္ဓကုဋိ ကျောင်းတော်ကြီးနှင့် အတွင်းကြေးပြာသာဒ်တော်အာရုံခံ စောင်းတန်း ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တင်လှူပွဲ မင်္ဂလာအခမ်းအနားတွင် အလိုတော်ပြည့် ဆရာတော် ဘဒ္ဒန္တအရိယဝံသထံ အတွင်းကြေးပြာသာဒ်တော်၏ ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့ကို ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ထို့နောက် မင်္ဂလာအခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆိုဘုရား ကန်တော့၍ ဖွင့်လှစ်သည်။

ယင်းနောက် ပြည်နယ် သံဃ နာယကအဖွဲ့ဥက္ကဋ္ဌ ဓီးကိုင်းဂူနား ကျောင်းဆရာတော် ဘဒ္ဒန္တဝရသာမိထံ မှ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များနှင့် ပရိသတ် တို့က ကိုးပါးသီလခံယူဆောက်တည် ကြသည်။

ထို့နောက်ဆရာတော်သံဃာတော် အရှင်သူမြတ်တို့က ပရိတ်တရားတော် များ ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အတွင်းကြေး ပြာသာဒ်တော်၏ ရွှေထီးတော်၊ ငှက် မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို လည်းကောင်း၊ မြတ်ဗုဒ္ဓ၏ပါဒခြေ တော်ရာအတွက် အလှူတော်ငွေကို လည်းကောင်း အလိုတော်ပြည့်ဆရာ တော် ဘဒ္ဒန္တအရိယဝံသထံ ဆက်ကပ် လှူဒါန်းသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက မြတ်ဗုဒ္ဓ၏ပါဒခြေတော်ရာ မဟာ သုဝဏ္ဏပါသာဒဂန္ဓကုဋိ ကျောင်းတော် ကြီး၌ တင်လှူပူဇော်မည့် ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို အလိုတော်ပြည့်ဆရာတော် ဘဒ္ဒန္တ အရိယဝံသထံ ဆက်ကပ်လှူဒါန်း သည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မောင်ဦး၊ ဝန်ကြီးများနှင့် အလှူရှင်များက ဆရာတော် သံဃာတော်တို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း ကြသည်။

ဆက်လက်၍ မြတ်ဗုဒ္ဓ၏ပါဒ ခြေ တော်ရာအတွက် သမဝါယမဝန်ကြီး ဌာန ဝန်ကြီးဗိုလ်ချုပ်ဌေးဦးက ငွေကျပ် တစ်သိန်း၊ သီရိသုဓမ္မ မဏိဇောတ ဓရ သီဟသုဓမ္မမဏိဇောတဓရ ဦးကျော်မင်းနှင့် မိသားစုက ငွေကျပ် ၄၅၀၀၀၀နှင့် ဦးစောထွန်းဦး အမှူးပြု သော ရခိုင်ငြိမ်းချမ်းရေးအဖွဲ့က ငွေ ကျပ် သုံးသိန်းတို့ကို အလိုတော်ပြည့် ဆရာတော် ဘဒ္ဒန္တ အရိယဝံသထံ ဆက်ကပ်လှူဒါန်းကြသည်။



ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် မိုးစဲကျွန်းရှိ မြတ်ဗုဒ္ဓ၏ ပါဒခြေတော်ရာကို ဖူးတွေ့ရစဉ်။

(သတင်းစဉ်)

ထို့နောက် အလိုတော်ပြည့်ကျောင်း တိုက်များ၏ ပဓာန နာယက အဂ္ဂ မဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ အလိုတော်ပြည့် ဆရာ တော် ဘဒ္ဒန္တအရိယဝံသက အနုမော ဒနာတရား ဟောကြားတော်မူပြီး နိုင်ငံ တော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် နှင့် အဖွဲ့ဝင်များနှင့် ပရိသတ်တို့က လှူဒါန်းမှုအစုစုတို့အတွက် ရေစက် သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် မင်္ဂလာအစီအစဉ် ပထမပိုင်းကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်း လိုက်သည်။

ဆက်လက်၍ မြတ်ဗုဒ္ဓ၏ပါဒ ခြေတော်ရာမဟာသုဝဏ္ဏပါသာဒဂန္ဓ ကုဋိကျောင်းတော်ကြီးရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့်စိန်ဖူးတော် တင်လှူ ခြင်းအစီအစဉ်ကို ကျင်းပ သည်။

အထွတ်သို့ပင့်ဆောင်

ရှေးဦးစွာ မောင်တောမြို့ အောင်မြေ ဇောဓိသာသနာ့ရိပ်သာ အလိုတော် ပြည့် ကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တ မဏိသာရက ဒေဝနိမာန္တ ရဂါထာတော် ဖြင့် နတ်ဗြဟ္မာများကို ဖိတ်ကြားတော် မူသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီး ချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အတွင်း ကြေးပြာသာဒ်တော်အာရုံခံစောင်းတန်း ၌ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို တင်လှူပူဇော်သည်။

ထို့နောက် ဥပသကာများက ဂန္ဓ ကုဋိ တိုက်တော်တွင် တင်လှူပူဇော်မည့် ထီးတော်ဘုံဆင့်များ၊ ငှက်မြတ်နား တော်နှင့် စိန်ဖူးတော်တို့ကို မင်းဗာထီး တော်တင်အဖွဲ့၏ ရထားပျံ မဏ္ဍပ်သို့ ပင့်ဆောင်ကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ သည် ဂန္ဓကုဋိတိုက်တော်တွင် တင်လှူ ပူဇော်မည့် ရွှေထီးတော်ဘုံဆင့်များ၊ ငှက်မြတ်နားတော်နှင့်စိန်ဖူးတော်တို့ကို ရထားပျံဖြင့် ဂန္ဓကုဋိတိုက် အထွတ်သို့ ပင့်ဆောင်ကြသည်။

ထိုအချိန်တွင် ဆရာကြီးဦးကျော် မင်းက စိန္တာမဏိ ဂါထာတော်ကို ရွတ်ဆိုပူဇော်သည်။

ထို့နောက် ဥပသကာများက ဂန္ဓကုဋိတိုက်တော်အား ထီးတော်ဘုံ ဆင့်များကို တင်လှူပူဇော်ကြသည်။

မင်္ဂလာအချိန်တွင် နိုင်ငံတော် ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ငြမ်းအထက်သို့တက်ရောက်၍ ဂန္ဓကုဋိ တိုက်တော်၏ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို တင်လှူပူဇော်ပြီး အမွှေးနံ့သာရည်များပက်ဖျန်း၍ ရောင် တော်ဖွင့် ပူဇော်သည်။

ထို့နောက် မောင်တောမြို့အလိုတော် ပြည့်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ မဏိသာရက ဖိတ်ကြားထားသော နတ်ဗြဟ္မာများကို ပြန်လည် ပို့ဆောင် ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက် သည်။

ယင်းနောက် မင်္ဂလာအခမ်းအနား အောင်မြင်ခြင်းအထိမ်းအမှတ် အဖြစ် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က ရွှေမိုးငွေမိုး ရွာသွန်းသည်။

(သတင်းစဉ်)

✡ *ကျောဖုံးမှ*

ကျောင်းဆင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ တိုင်းမှူးများ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ မန္တလေးမြို့တော်ဝန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှတာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြင်ဦးလွင်တပ်နယ်မှူးနှင့် တပ်မတော်အရာရှိကြီးများ၊ တပ်မတော်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ ဆရာ ဆရာမများ၊ ကျောင်းဆင်းအရာရှိများနှင့် ၎င်းတို့၏မိဘဆွေမျိုးများ တက်ရောက်ကြသည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆) ကျောင်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ကွန်ပျူတာတစ်စုံ ပေးအပ်

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဧပြီ ၉ ရက်က မောင်တောမြို့နယ် ကြိမ်ချောင်း အခြေခံပညာအထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံတို့ကို မြို့နယ်ပညာရေးမှူးအား ပေးအပ်စဉ်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဧပြီ ၉ ရက်က ရသေ့တောင်မြို့ အခြေခံပညာအထက်တန်းကျောင်း Multi Media စာသင်ခန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

■ *ဒေသခံပြည်သူများမှ*

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များအား ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များက ကြိုဆိုကြသည်။

တက်ရောက်ချီးမြှင့်

ထို့နောက် ရသေ့တောင်မြို့ အခြေခံပညာအထက်တန်းကျောင်း Multi Media စာသင်ခန်းများ ဖွင့်ပွဲနှင့် နှစ်ထပ်ကျောင်းဆောင်သစ် ပန္နက်တင်အခမ်းအနားကို နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် အဆိုပါကျောင်း၌ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက် ချီးမြှင့်သည်။

အခမ်းအနားများသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်မောင်ဦး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှတာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ အမှတ်(၁) အခြေခံပညာဦးစီးဌာနမှတာဝန်ရှိပုဂ္ဂိုလ်များ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ရသေ့တောင်မြို့ အခြေခံပညာအထက်တန်းကျောင်း၏ 'မြန်မာ့ပညာရေးမျှော်မှန်းချက် ကမ္ပည်းမော်ကွန်း'နှင့်'ပညာရေးဆောင်ပုဒ်' ဖွင့်ပွဲအခမ်းအနားကို ကျင်းပသည်။

ဖွင့်လှစ်ပေး

ထို့နောက် ထူးချွန်ကျောင်းသား ကျောင်းသူများက ရွှေကြိုးဆွဲ၍ 'မြန်မာ့ပညာရေးမျှော်မှန်းချက် ကမ္ပည်းမော်ကွန်း'နှင့်'ပညာရေးဆောင်ပုဒ်'ကို ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ကျောင်းသားကျောင်းသူများက 'မြန်မာ့ပညာရေး မျှော်မှန်းချက် ကမ္ပည်းမော်ကွန်း'နှင့် 'ပညာရေးဆောင်ပုဒ်'ဖွင့်ပွဲအခမ်းအနားကို ဂုဏ်ပြုသောအားဖြင့် မြန်မာ့ကျောင်းသီချင်းကိုသီဆိုကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ ရသေ့တောင်မြို့ အခြေခံပညာအထက်တန်းကျောင်း Multi Media စာသင်ခန်းများဖွင့်ပွဲကို ကျင်းပသည်။

အစီအစဉ်အရ ကျောင်းအုပ်ဆရာကြီး ဦးသန်းအောင်နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဦးဦးသာဖံတို့က ဖဲကြိုးဖြတ်၍ ရသေ့တောင်မြို့ အခြေခံပညာအထက်တန်းကျောင်း Multi Media စာသင်ခန်းများကို ဖွင့်လှစ်ပေးကြသည်။

စာသင်ခန်းများဖွင့်

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က Multi Media စာသင်ခန်းများ ဖွင့်ပွဲအထိမ်းအမှတ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် Computer Lab၊ Computer Aided Instruction Language Lab၊Electronic Media (Video System) Projected Media၊Printed Mediaပန်းချီအနုပညာခန်းနှင့် အိမ်တွင်းမှုနှင့်လက်မှုခန်းတို့ကို လှည့်လည်၍ ကျောင်းသား ကျောင်းသူများ၏ စွမ်းရည်ပြသမှုကို ကြည့်ရှုအားပေး စစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ကျောင်းသား ကျောင်းသူများ၏ အနုပညာစွမ်းရည်ပြ တင်ဆက်မှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ရသေ့တောင်မြို့ အခြေခံပညာအထက်တန်းကျောင်း Multi Mediaစာသင်ခန်းများဖွင့်ပွဲအစီအစဉ်ကို ကျောင်းခန်းမ၌ ကျင်းပသည်။

အစီအစဉ်အရ ကျောင်းဆုပ်ဆရာကြီး ဦးသန်းအောင်က ရသေ့တောင်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ Multi Mediaစာသင်ခန်းများ ဖွင့်လှစ်သင်ကြားရခြင်း၏ ရည်ရွယ်ချက်နှင့် တပ်ဆင်သင်ကြားလျက်ရှိသော ခေတ်မီသင်ထောက်ကူပစ္စည်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးဦးသာဖံက Multi Media စာသင်ခန်းများ ပေါ်ပေါက်လာစေရန် ကြိုးပမ်းဆောင်ရွက်ခဲ့ရမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရသေ့တောင်မြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံတို့ကို ကျောင်းအုပ်ကြီးအား ပေးအပ်သည်။

ဆက်လက်၍ ရသေ့တောင်မြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များမှ အလှူရှင်များ လှူဒါန်းငွေကျပ် ၃၅ သိန်း၊ ရသေ့တောင်မြို့နယ်များမှ လှူဒါန်းငွေကျပ် ၁၀ သိန်းတို့ကို အလှူရှင်များကိုယ်စား ရသေ့တောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သန်းက ကျောင်းအုပ်ကြီးအား ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရသေ့တောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

အထွက်နှုန်းတိုးရေး

ရှေးဦးစွာ ရသေ့တောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သန်းက မြို့နယ်၏တည်နေရာနှင့် အကျယ်အဝန်း၊ လူဦးရေ၊ စိုက်ပျိုးရေးနှင့်ပတ်သက်၍ မိုးစပါးစိုက်ဧကနှင့်အထွက်နှုန်း၊ နွေစပါးစိုက်ပျိုးနိုင်မှု စိုက်ဧကတိုးချဲ့ရေး၊ အထွက်နှုန်းတိုးရေးဆောင်ရွက်မှု၊ ငရုတ်ကောင်းစိုက်ပျိုးမှု၊ မွေးမြူရေးလုပ်ငန်းဆောင်ရွက်မှု၊ ကျန်းမာရေး၊ ပညာရေးလုပ်ငန်း၊ လမ်းတံတားလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် သောက်သုံးရေရရှိရေးဆောင်ရွက်မှု၊ တည်ဆောက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေးများ ဆောင်ရွက်နေမှုနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြသည့် ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် ရသေ့တောင်မြို့နယ်အပါအဝင် ရခိုင်ပြည်နယ်သည် ရာသီဥတုကောင်းမွန်သည့်အပြင် မြေဩဇာကောင်းမွန်ပြီး ရေသယံဇာတလည်း ပေါကြွယ်ဝလှသည့် ပြည်နယ်တစ်ခုဖြစ်သည်နှင့်အညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလားအလာကောင်းများ ပိုင်ဆိုင်ထားသည့် ပြည်နယ်တစ်ခုဖြစ်ကြောင်း၊ ဒေသတာဝန်ခံများ၏တင်ပြချက်များအရ မြို့နယ်၏ဝမ်းစာ ဖူလုံမှုရှိသည် ဆိုရုံမျှဖြင့် ရပ်တန့်မနေဘဲ တစ်ဧကတင်း ၁၀၀ ထွက်ရှိရေး ရည်မှန်းချက်များပြည့်မီအောင် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

ပံ့ပိုးကူညီ

ထိုပြင်ဒေသအတွင်း ဖြစ်ထွန်းနေသည့် ပုစွန်မွေးမြူရေးလုပ်ငန်းများအပြင် ကြက်၊ ဝက်စသည့် မွေးမြူရေးလုပ်ငန်းများ ဖြစ်ထွန်းအောင်တွန်းအားပေးပြီး လိုအပ်သည့်ပံ့ပိုးကူညီမှုများ ပေးသွားကြရန်လိုကြောင်း။

ရသေ့တောင်မြို့နယ်၏ ဖွံ့ဖြိုးတိုးတက်မှု ပိုမိုရရှိရေးအတွက် ဌာနဆိုင်ရာ တာဝန်ခံများအနေဖြင့် ဝီရိယအား၊စေတနာအား ပေါင်းစပ်ပြီး ကြိုးပမ်းဆောင်ရွက်ပေးသွားကြရန်လိုကြောင်း။

မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူအားလုံးက မိမိတို့မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသနေပြည်သူများ စီးပွားတိုးတက်မြင့်မားရေးသည် မိမိတို့တွင်

ထို့နောက် အောင်သပြေစံပြရွာ ဗန္ဓုလခန်းမ၌ နယ်စပ်ဒေသလူဝင်မှုစစ်ဆေးရေးကွပ်ကဲမှုဌာနချုပ် ခေတ္တကွပ်ကဲရေးမှူး ဦးမြင့်ဦးနှင့် အမှတ်(၁) နယ်မြေ နယ်မြေမှူးဦးစိုးမောင်မောင်တို့က နယ်မြေလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းတံတားလုပ်ငန်းများအပါအဝင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒေသခံများက ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်ချက်များ မှာကြားပြီး ဒေသဖွံ့ဖြိုးရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးလိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မောင်တောမြို့ သီရိမင်္ဂလာခန်းမ၌ မောင်တောခရိုင်နှင့် မောင်တော၊ ဘူးသီးတောင်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မောင်တောခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရန်မျိုးအောင်က မောင်တောခရိုင်၏တည်နေရာနှင့် အကျယ်အဝန်း၊ အိမ်ထောင်စုနှင့်လူဦးရေ၊ မြေယာအသုံးချမှု၊ မိုးရွာသွန်းမှု၊ မိုးစပါး စိုက်ပျိုးနိုင်မှု၊ အထွက်နှုန်းနှင့် အထွက်တင်းပေါင်း၊ နွေစပါး စိုက်ပျိုးနိုင်မှု၊ ဒေသဝမ်းစာဖူလုံမှု၊ ဆီထွက်သီးနှံစိုက်ပျိုးမှု၊ ငရုတ်ကောင်းနှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးမှု၊ နှစ်ရှည်ပင်စိုက်ပျိုးမှု၊ မွေးမြူရေး၊ ပညာရေး၊

ရခိုင်ပြည်နယ် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေး အခြေခံအဆောက်အအုံများတည်ဆောက်ပေးလျက်ရှိ တာဝန်ရှိသူများနှင့်ဒေသခံပြည်သူများ ဒေသဖွံ့ဖြိုးတိုးတက်အောင်တက်ညီလက်ညီအားထည့်ဆောင်ရွက်

တာဝန်ရှိသည်ဆိုသည့် ခံယူချက်သဘောထားဖြင့် ဝီရိယနှင့်စေတနာ ပေါင်းစပ်ပြီး ထိထိရောက်ရောက် ကြိုးပမ်းဆောင်ရွက်ပေးသွားကြရန် မှာကြားလိုကြောင်း။

မြို့နယ်များ အလျင်အမြန်ဖွံ့ဖြိုးတိုးတက်မှုများရရှိရန် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ မြို့စည်ပင်သာယာရေး စသည့် ကဏ္ဍစုံတွင် ဖွဲ့စည်းထားသည့်ကော်မတီများဖြင့် ညီညွတ်မှုအား၊ စုစည်းမှုအားတို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

ဖွံ့ဖြိုးတိုးတက်လာ

မြို့နယ်တာဝန်ခံဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့် မိမိမြို့နယ်အတွင်း ပကတိအခြေအနေမှန်များသိရှိနိုင်ရန် ကျေးလက်ဒေသများအရောက်သွားပြီး ပြည်သူများ၏လိုအပ်ချက်၊ လိုလားချက်များကို သိရှိအောင် လေ့လာဖြည့်ဆည်းပေးပြီး မှန်ကန်သည့်စီမံခန့်ခွဲမှုဖြင့် ပြည်သူများ၏လေးစားမှု၊ အားကိုးမှုများရရှိရန်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အောင်သပြေစံပြကျေးရွာအတွက် ရုပ်မြင်သံကြားစက်ကိုလည်းကောင်း၊ ကျေးရွာဆေးခန်းအတွက် ဆေးဝါးပစ္စည်းများကိုလည်းကောင်း၊ အောင်သပြေစံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အတွက် ဗလာစာအုပ်နှင့် သင်ထောက်ကူပစ္စည်းများကိုလည်းကောင်း၊ ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများကိုလည်းကောင်း သက်ဆိုင်ရာတာဝန်ရှိသူအသီးသီးသို့ ပေးအပ်သည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် မောင်တောမြို့နယ် တောင်ပြိုလက်ဝဲမြို့သို့ရောက်ရှိကြရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နယ်စပ်ဒေသလူဝင်မှုစစ်ဆေးရေးကွပ်ကဲမှု အမှတ်(၃) နယ်မြေ နယ်မြေမှူးနှင့် ဝန်ထမ်းများနှင့် မိသားစုများ၊ ဒေသခံများက ကြိုဆိုကြသည်။

ကျန်းမာရေးလုပ်ငန်း၊ လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ သောက်သုံးရေရရှိရေး လုပ်ငန်းများနှင့် လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သော ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်ဓာတ်အားပိုမိုရရှိရေး၊ မြို့သောက်သုံးရေရရှိရေးလုပ်ငန်း လိုအပ်ချက်များကို ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် ယနေ့ မိမိနှင့်အတူဝန်ကြီးများ ပါဝင်သောအဖွဲ့သည် နယ်စပ်မြို့များဖြစ်သည့် ဘူးသီးတောင်၊ ရသေ့တောင်၊ မောင်တောမြို့နယ်များသို့ လာရောက်ပြီး လွန်ခဲ့သည့်ရက်အနည်းငယ်ခန့်က ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံသို့သွားရောက်ခဲ့သည့် ချစ်ကြည်ရေးခရီးစဉ်နှင့် ဆက်စပ်ပြီး နှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး၊လမ်းပန်းဆက်သွယ်ရေးကိစ္စနှင့်ပတ်သက်၍ မိမိတို့ဘက်က ဆောင်ရွက်ဖွယ်ရာများ ဆောင်ရွက်ဖို့ မှာကြားရန်နှင့် မြို့နယ်များ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန် ဆောင်ရွက်ဖြည့်ဆည်းပေးဖို့ လာရောက်ခြင်းဖြစ်ကြောင်း။

ဤဒေသများတွင် ယခင်က မိမိအချိန်အတော်ကြာ တာဝန်ဖြင့်နေထိုင်လာခဲ့သဖြင့် ဤဒေသ၏ အခြေအနေကို သိရှိခဲ့ကြောင်း၊ ဒေသတွင်း အေးချမ်းတည်ငြိမ်မှုများ ဖြစ်ထွန်းလာသည်နှင့်အညီ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်

တွေ့ဆုံမှာကြား

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဧပြီ ၉ ရက်က မောင်တောမြို့ သီရိမင်္ဂလာခန်းမ၌ မောင်တောခရိုင်နှင့် မောင်တော၊ ဘူးသီးတောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံမှာကြားစဉ်။

(သတင်းစဉ်)

ဆောင်ရွက်ကြဖို့ အထူးအရေးကြီးကြောင်း၊ မြို့နယ်တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး စေတနာမှန်ဖြင့် ဝီရိယစိုက်ထုတ် ဆောင်ရွက်ပေးသွားကြမှသာ မိမိတို့မြို့နယ်များ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း။

နိုင်ငံတော်က ရခိုင်ပြည်နယ်၏ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေသည့် လမ်းတံတား၊ ဆေးရုံ၊ ဆေးပေးခန်း၊ ကျောင်း စသည့် အခြေခံ အဆောက်အအုံများစွာကို တည်ဆောက်ပေးလျက်ရှိကြောင်း၊ ပြည်နယ်အတွင်း တာဝန်ယူဆောင်ရွက်လျက်ရှိကြသည့် အဆင့်ဆင့်သောဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပြည်သူများအပိုင်းကလည်း မိမိတို့ဒေသများ အမြန်ဖွံ့ဖြိုးတိုးတက်မှုများရရှိလာအောင် တက်ညီလက်ညီ ပူးပေါင်းပါဝင်အားထည့် ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ၊ ကျောင်းအုပ်ကြီးနှင့် ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ အလိုတော်ပြည့်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တအရိယဝံသအား အမှူးထား၍ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဝက်ဘာလမ်းနေ ဦးချောင်-ဒေါ်ရွှေစင်မိသားစု (Gold Uni Investment Co., Ltd.)တို့က ငွေကျပ် ၂၉၅၄ သိန်းကျော်အကုန်အကျခံ တည်ဆောက် လှူဒါန်းသည့် ရသေ့တောင်မြို့ အခြေခံပညာအထက်တန်းကျောင်း နှစ်ထပ် ကျောင်းဆောင်သစ် ပန္နက်တင်မင်္ဂလာအခမ်းအနားကို အဆိုပါ ကျောင်းပရဝဏ် အတွင်း၌ ကျင်းပသည်။

ပန္နက်တိုင်စိုက်ထူ

အစီအစဉ်အရ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နှစ်ထပ်ကျောင်းဆောင်သစ်တည်ဆောက်ရန် သတ်မှတ်နေရာ၌ ပန္နက်တိုင်စိုက်ထူသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အလျား ပေ ၂၁၀၊ အနံ ၇၈ ပေရှိမည့် ကျောင်းဆောင်သစ်ဗိသုကာပုံစံကို ကြည့်ရှုပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မောင်တောမြို့နယ် အောင်သပြေစံပြကျေးရွာသို့ရောက်ရှိကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရခိုင်၊ မြို၊ သက်၊ ဒိုင်းနက်စသည့် တိုင်းရင်းသားကျေးရွာသူ ကျေးရွာသားများ၊ ကျောင်းသား ကျောင်းသူများ၊ မြို၊ သက်၊ ရခိုင် တိုင်းရင်းသား တိုင်းရင်းသူများက ရိုးရာယဉ်ကျေးမှုအတီးအကများဖြင့် ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် အမှတ်(၃)နယ်မြေ နယ်မြေမှူး ဦးစန်းအောင်က အမှတ်(၃) နယ်မြေအတွင်း နယ်မြေအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ ပညာရေး၊ ကျန်းမာရေးအပါအဝင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ဌာနချုပ်ကွပ်ကဲရေးမှူး ဦးမြင့်ဦးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးကျော်စိုးက တောင်ပြိုလက်ဝဲမြို့ရှိ လူဦးရေ၊ မိုးစပါး နွေစပါးစိုက်ပျိုးမှု၊ ဒေသဝမ်းစာဖူလုံမှု၊ မွေးမြူရေးလုပ်ငန်း၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ထားမှုနှင့် လုပ်ငန်း လိုအပ်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဒေသဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ တောင်ပြိုလက်ဝဲပြည်သူ့ဆေးရုံအတွက် ဆေးဝါးများကိုလည်းကောင်း၊ တောင်ပြိုလက်ဝဲ အခြေခံပညာအထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်လုံးတို့ကို သက်ဆိုင်ရာတာဝန်ရှိသူများအား ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် တောင်ပြိုလက်ဝဲပြည်သူ့ဆေးရုံသို့ရောက်ရှိကြရာ ဆေးရုံအုပ် ဒေါက်တာအောင်ကျော်မိုးနှင့်ဆရာမများက ကြိုဆိုကြပြီး ဆေးသိုလှောင်ခန်း၊ လူနာခန်း၊ ဓာတ်ခွဲခန်းများကို လိုက်လံပြသရှင်းလင်းကြသည်။

လိုအပ်သည်များမှာကြား

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် တောင်ပြိုလက်ဝဲအခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြည့်ရှုကြပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များ မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တောင်ပြိုလက်ဝဲမြို့ပြစီမံကိန်းအကွက်ချပုံစံကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် မောင်တောမြို့သို့ရောက်ရှိကြရာ ဗျူဟာမှူး ဗိုလ်မှူးကြီးအောင်နိုင်ထွန်း၊ ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများက ကြိုဆိုကြသည်။

အလေးထားဆောင်ရွက်ပေးသွားရမည့်အချိန်အခါလည်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့် အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံတို့မှာလည်း ချစ်ကြည်ရင်းနှီးမှုများ ဖြစ်ထွန်းတည်ရှိနေပြီး စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားကြရန် သဘောတူညီမှုများကို ချမှတ်ထားပြီးဖြစ်ကြောင်း။

နှစ်နိုင်ငံ စီးပွားရေးကုန်သွယ်မှုလုပ်ငန်းများလုပ်ကိုင်ရာတွင် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မှန်ကန်သော လုပ်နည်းလုပ်ဟန်များဖြင့် ပုံမှန်လမ်းကြောင်းအတိုင်း ဆောင်ရွက်သွားကြရန်လိုကြောင်း၊ စီးပွားရောင်းဝယ် ဖောက်ကားမှုများ မှန်မှန်ကန်ကန်ဖြစ်ထွန်းလာမှသာ နိုင်ငံတော်အတွက်ရော၊ မိမိတို့အတွက်ပါ ရေရှည်အကျိုးစီးပွားဖြစ်ထွန်းလာနိုင်မှာဖြစ်ကြောင်း၊ နိုင်ငံတော်အကျိုးရှိလာသည်နှင့်အမျှ ပြည်သူများအတွက် လိုအပ်သည်များကို ပိုမိုဆောင်ရွက်ပေးနိုင်မှာဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် မိမိနိုင်ငံ၊မိမိလူမျိုး နိုင်ငံတကာအလယ်တွင် ရင်ပေါင်တန်းနိုင်စေရအောင်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားလာစေရအောင် အားထုတ်ကြိုးပမ်း ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

စာမျက်နှာ ၁၂ ကော်လံ ၁

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဧပြီ ၉ ရက်က မောင်တောမြို့နယ် တောင်ပြိုလက်ဝဲ ပြည်သူ့ဆေးရုံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

သင်းကြန်တော်ခေါ်သည်

မြန်မာ့ရှေးရိုးအစဉ်အလာယဉ်ကျေးမှုထုံးစံအရ မြန်မာမင်းများ လက်ထက်တော်အခါက "သင်းကြန်တော်ခေါ်သည်" ဟု ဝေါဟာရပြုခဲ့ကြပါသည်။ သင်းကြန်ဟူသည် ခေါင်းဆေးမင်္ဂလာပြုခြင်းကို ဆိုလိုပါသည်။

ကင်းဝန်မင်းကြီးသည် သူ၏ ပြင်သစ်သွားဒိုင်ယာရီတွင် ပြင်သစ်သို့ အသွား ခရီးတစ်ထောက်ဝင်ရောက်နားခဲ့သည့် မော်လမြိုင်မြို့ကို ဖွဲ့ဆိုရာတွင်–

မော့တမော့ပက်ပါ
သင်းကြန်ကျွန်း
တောင်ဝန်းတရုံဂူနှင့်
သယမ္ဘုကျိုက်ရှင်စေတို့
တင့်မော့ရောင်စုံကြွေ
ကိန်းမွေ့တည်ရာ။

ဟူ၍ တင်စားရေးသားထားခဲ့သည်။

ယင်းကဗျာတွင် သင်းကြန်ကျွန်းဆိုသည်မှာ မော်လမြိုင်နှင့်မုတ္တမ အကြားရှိ သံလွင်မြစ်တွင်းမှ ခေါင်းဆေးကျွန်းကို ခေါ်ဆို ခြင်းဖြစ်သည်။ ရှေးခေတ်မွန်ဘုရင်များ သင်းကြန်အခါ ခေါင်းဆေးမင်္ဂလာ ပြုလုပ်ခဲ့သော ကျွန်းဖြစ်သောကြောင့် ထိုကျွန်းကို ခေါင်းဆေးကျွန်းဟု ခေါ်ဝေါ်ခဲ့ကြပါသည်။

သင်းကြန်ဟူသည် ခေါင်းဆေးမင်္ဂလာ ပြုခြင်းကိုပင် ခေါ်ဆိုလိုကြောင်း ထင်ရှားပါသည်။ ရှေးမြန်မာမင်းများလက်ထက်တော်အခါက သင်းကြန်တော်ခေါ်သည်ဟု ယဉ်ကျေးသိမ်မွေ့စွာ ရွှေနန်းသုံး အစဉ်အလာခေါ်တွင်လာမှု သတိပြုမိ၍ 'သင်္ကြန်တော်ခေါ်သည်' မြန်မာအသံထွက်အရ "သင်းကြန်တော်ခေါ်သည်" ဟု အမှတ်တရ ပြန်လည်ခေါ်ဝေါ် တသလိုက်ခြင်းဖြစ်ပါသည်။

ယဉ်ကျေးသည့် ဝေါဟာရနှင့် လျော်ညီစွာပင် မြန်မာ့ရိုးရာ အတာသင်းကြန်ပွဲတော်သည် ယဉ်ကျေးသိမ်မွေ့စွာ ဆင်ယင်ကျင်းပသော ပွဲတော် ဖြစ်သည်။ ယင်းသို့ ယဉ်ကျေးသိမ်မွေ့စွာ သင်းကြန်ပွဲ ဆင်နွှဲကြပုံများကို မြန်မာ့သမိုင်းမှတ်တမ်းများ၌ တခမ်းတနား ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

သီပေါဘုရင်စတင်နန်းတက်သော ၁၂၄၀ပြည့်နှစ် အတာသင်းကြန်ပွဲ ဆင်နွှဲကျင်းပခဲ့ကြပုံကိုကြည့်လျှင် မြန်မာ့သင်းကြန်ပွဲတော်၏ ယဉ်ကျေးသိမ်မွေ့မှုပမာဏကို တိုင်းတာတွက်ချက်ကြည့်နိုင်ကြမည်ဖြစ်သည်။ ထိုနှစ်ကကျင်းပသည့် သင်းကြန်ပွဲတော်သင်းကြန်မကျမီ ပြုလုပ်ရသည့် အစီအစဉ်များကို ကုန်းဘောင်ဆက်မဟာရာဇဝင်ကြီးက အောက်ပါ အတိုင်း ဖော်ပြထားသည်။

သက္ကရာဇ် (၁၂၄၀) တစ်ထောင့်နှစ်ရာလေးဆယ်ခု နှောင်းတန်ခူး လပြည့်ကျော် ခုနစ်ရက် စနေနေ့ နေ့တစ်ချက်တီးကျော်ခုနစ်နာရီတပါဒ် ဆယ်ပီဇနာအချိန်တွင် သင်းကြန်ကျသည်။ ၎င်းလပြည့်ကျော် ကိုးရက် တနင်္လာနေ့ နေ့သုံးချက်တီးကျော် တစ်နာရီသုံးပါဒ်ခုနစ်ပီဇနာပြန်ပြည့် ခုနစ်ခရာအချိန်အတာ နှစ်သစ်သက္ကရာဇ် ၁၂၄၁ –တစ်ထောင့်နှစ်ရာ့ လေးဆယ့်တစ်ခုနှစ်သို့တက်သည်။

သင်းကြန်အခါတော်ကြားသည်နှင့် တစ်ပြိုင်နက် ရွှေမြို့တော် ရှေ့မျက်နှာ ဦးထိပ်တံခါးတော်ကစ၍ တစ်ဆယ့်နှစ်ရပ်တံခါးတော်ကုန် လက်ယာရစ်အစဉ်အတိုင်း အခါတော်ကြား အမြောက်သံသုံးချက်စီ ပေးရသည်။

ပြည်သူတို့မှာလည်း အခါသုံးရက်အတွင်း အစဉ်ထုံးစံရှိသည့်အတိုင်း ရေဖျန်းပက်ရန်ရှိသည်မှာ နံနက် ညနေအချိန်တွင် ရေကြည်ရေအေး အမွှေးအထုံရည်များနှင့်သာ ဖျန်းပက်ကြစေရမည့် အကြောင်းကို မြို့တွင်းမြို့ပြင် ရပ်စုကွက်စုများမှ သင်းကြန် မကျမီက မောင်းကြေးနင်းခတ်စေရသည်။

တစ်ချိန်တည်းမှာပင် ထိုသင်းကြန်ပွဲတော်များအတွင်း ပွဲလမ်းသဘင်ကျင်းပပုံများနှင့် ရိုးရာယဉ်ကျေးမှုအရ တစ်ဦးနှင့် တစ်ဦး ပျော်ရွှင်စွာရေနှင့်ပက်ဖျန်းကစားကြပုံများကိုလည်း ကုန်းဘောင်ဆက် မဟာရာဇဝင်ကြီးတွင် အောက်ပါအတိုင်း တွေ့မြင်နိုင်သေးသည်။

ပွဲလမ်းများမှာ အနောက်အတွင်းတော်တွင် အနောက်အငြိမ့်၊မှန်နန်းတော်ရှေ့ဝဲယာတွင် အရှေ့အငြိမ့်၊ အတွင်းဆိုင်းဇေတဝန်ဆောင်တော်တွင် အတွင်းဆိုင်း၊ မွန်ဆိုင်း၊ မြေနန်းတော်တွင် ယိုးဒယားဇာတ်ကြီး

တက္ကသိုလ်တင်၁

အတီးအကများကို အခါသုံးရက်အတွင်း နေ့ညဥ့်မပြတ်တီးမှုတ်ကခုန်ကြရသည်။

ရွှေနန်းတော်ပေါ်တွင်လည်း မြို့စားရွာစားအပျိုတော်တို့နှင့် လက်သုံးတော် လက်ဖက်ရည်တော်ထိုအမိန့်တော်မြတ်နှင့်တစ်ဦးကို တစ်ဦး ပျော်ပါးစွာ ရေသွန်းလောင်းကစားကြရလေသည်။

မြန်မာ့ရိုးရာသင်းကြန်ပွဲတော်သည် ယဉ်ကျေးသည်၊ သိမ်မွေ့သည်၊ ရိုးသားသည်၊ ရေကိုအခြေခံထားသဖြင့် အေးမြငြိမ်းချမ်းသည့်နိမိတ်ကိုလည်းဆောင်သည်။

သို့သော် ယင်းကဲ့သို့ ယဉ်ကျေးလည်းယဉ်ကျေး၍ ရိုးသားလည်း ရိုးသားလှသော မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကို သီပေါဘုရင်ကိုယ်တိုင် ကြီးမှူးကျင်းပနေချိန်၌ တစ်ဖက်တွင် ယင်းသင်းကြန်ကို ရုပ်ပျက် ဆင်းပျက်ဖြစ်အောင်လုပ်ဆောင်သူများလည်း ရှိခဲ့ဟန်တူပါသည်။

အခါသုံးရက်အတွင်း ပြည်သူတို့မှာ ထုံးနနွင်း၊ အိုးမဲသုတ် မလိမ်းမသနံ့မပြန့်သည့်ရေများကို မဖျန်းမပက်ကြစေနှင့်၊ အမွှေးအထုံ ရေကြည်ရေသန့်များနှင့် နံနက်ခင်းညနေခင်းကိုသာ ဖျန်းပက်ကြစေ။

(သက္ကရာဇ် ၁၂၄၀ နှောင်းတန်ခူးလဆန်း ၉ ရက်နေ့ နားခံတော် နေမျိုးမင်းလှကျော်သူထွင်ပြန်အမိန့်တော်)

ဤအမိန့်တော်မှာ ၁၂၄၀ ခုနှစ်သင်းကြန်ပွဲတော်မတိုင်မီ နှစ်ပတ် (၁၄)ရက်ကကြိုတင်ထုတ်ပြန်ထားသော အမိန့်တော်ဖြစ်သည်။

ဤအမိန့်တော်ကိုကြည့်ခြင်းဖြင့် ထိုခေတ်ထိုအချိန်ကပင် မြန်မာ့ရိုးရာသင်းကြန်ပွဲတော်၏ယဉ်ကျေးမှုကို ရုပ်ပျက်ဆင်းပျက်ဖြစ်အောင် တစ်ဦးနှင့်တစ်ဦး အိုးမဲဖြင့်သုတ်လိမ်းကစားသူများ၊ ထုံးနနွင်းဖြင့် သုတ်လိမ်းကစားသူများ၊ မသန့်ရှင်းသောရေများဖြင့် ပက်ဖျန်းကစားသူများစသည်တို့ ရှိနေပြီဖြစ်ကြောင်း သိရှိနိုင်ပါသည်။

ယင်းသို့ရှိနေသောကြောင့်သာ ဤကဲ့သို့အမိန့်တော်တစ်ရပ်ဖြင့် ထုတ်ပြန်ပညတ်ခဲ့ရခြင်းဖြစ်ပေသည်။

မြန်မာ့ရိုးရာသင်းကြန်ပွဲတော်၏ ယဉ်ကျေးမှုဘောင်ကိုချိုးဖောက်ခဲ့သူများသည်ကား သီပေါမင်းလက်ထက်၌သာမဟုတ်၊ ခေတ်တိုင်းခေတ်တိုင်း၌ရှိခဲ့ဖူးဟန်တူပါသည်။

ပုဂံခေတ် နရသီဟပတေ့မင်းလက်ထက်၌ ဘုရင်ကိုယ်တိုင် ခေါင်းဆောင်ကြီးမှူး၍ သင်းကြန်ပွဲတော်ကို ကျင်းပခဲ့သည်။ သို့သော် မင်းကိုယ်တိုင်က သင်းကြန်၏ ယဉ်ကျေးမှုသတ်မှတ်ဘောင်ကို ချိုးဖောက်ကာ သရုပ်ပျက်အောင်အပျော်ကြူးခဲ့သည်မှအစ မိဖုရားစောလုံသည် ဖိုကျင်ထိုး၍ အသတ်ခံခဲ့ရဖူးသည်။ ယင်းရာဇဝင်သင်ခန်းစာကို ဆရာကြီး သခင်ကိုယ်တော်မှိုင်းသည် "စောလုံ၏ ပုဂံရာဇဝင်တရား" ဟူသော အပိုဒ်ဖြင့် အဆုံးသတ်ထားသော လေးချိုးကြီးကိုရေးစပ်လျက် မကြာခဏဖော်ထုတ်လေ့ရှိပါသည်။

သင်းကြန်ပွဲတော်အတွင်း ယဉ်ကျေးမှုဘောင်ကို ချိုးဖောက်ကာ အပျော်ကြူးကြသဖြင့် ခေတ်အဆက်ဆက်က ဆုံးရှုံးခဲ့ရသည့် အသက်များကို ရေတွက်မည်ဆိုပါက ဂဏန်းချ၍ပင် လောက်နိုင်မည်မဟုတ်ပေ။

သီပေါမင်းလက်ထက် သင်းကြန်ပွဲတော်အတွင်း ကုသိုလ်ကောင်းမှုပြုကြပုံ၊ သင်းကြန်အခမ်းအနားကျင်းပပုံ၊ တစ်ဦးနှင့် တစ်ဦး ရေကစားကြပုံ၊ သင်းကြန်မတိုင်ခင်ကပင် ကြိုတင်၍ အမိန့်တစ်ရပ်ဖြင့် ပညတ်ခဲ့ပုံများကိုကြည့်လျှင် မြန်မာ့ရိုးရာသင်းကြန်၏ယဉ်ကျေးမှု၊ သိမ်မွေ့မှု၊ ရိုးသားမှုအတိမ်အနက်ကို တွက်ချက်တိုင်းတာကြည့်နိုင်လောက်ကြပြီဖြစ်သည်။ တင်းတင်းကျပ်ကျပ် ယဉ်ကျေးမှုဘောင်ခတ်ခဲ့ပုံများကိုလည်း သဘောပေါက်နိုင်လောက်ကြပြီဖြစ်သည်။

သို့ဖြစ်ရာ သင်းကြန်ပွဲတော်ကိုယဉ်ကျေးမှုဘောင်အတွင်းမှနေ၍ ဆင်ယင်ကျင်းပ ရေကစားကြမှသာလျှင် မြန်မာ့ရိုးရာ သင်းကြန် ယဉ်ကျေးမှုကို ဖော်ထုတ်ရာကျပေမည်။

သင်္ကြန်တာကူး၊ နှစ်ဦးညောင်ရေ
စာပုလွေခင်း၊ ပဥ္စင်းတော်ခံ
စာရေးတံနှင့်၊ မြစ်ယံပွဲကြီး
ဆီမီးထွန်းချိန်၊ ကထိန်နတ်ကျင်း
မြင်းခင်းထွက်ဝင်၊ သဘင်မီးပုံး
ဂူလုံးသဲပုံ၊ စေ့စုံစီလျှဉ်
ဤသို့ယှဉ်သား၊ လစဉ်စမြဲ
ဆယ့်နှစ်ပွဲကို . . . . .

လက်ဝဲသုန္ဒရ၏သာဓိနပျို့စာပိုဒ်(၃၀) မြန်မာတို့သည် အစဉ်အလာကြီးမားသည်။ ရိုးရာဓလေ့သိမ်မွေ့သည်။ "သင်္ကြန်တာကူး" တန်ခူးလသည်နှစ်သစ်ကူးပြောင်းချိန်ဖြစ်သည်။ ယင်းမှပင် စတင်ကာ ဆယ့်နှစ်ရာသီ ဆယ့်နှစ်ပွဲ ဆက်နွှဲကြပေဦးမည်။

မြန်မာနှစ်ဦးနှစ်ကူးသည်ထူးခြားသည်။ အစကောင်းမှအနှောင်းသေချာပါမည်။ မြန်မာ့သင်္ကြန်နှင့် မညီညွတ်သော သဘောဓလေ့ကို ရှောင်ရှားကြရပါမည်။ မြန်မာ့သင်္ကြန်စည်းကမ်းနည်းလမ်းကို လိုက်နာကြရပါမည်။ သို့မှသာ "မြန်မာသင်းကြန်တော်"ခေါ်သည့် သင်္ကြန်ပွဲတော်သည် အညစ်အကြေးကင်းစင်ကြည်လင် သာယာပါမည်။

"မြန်မာသင်းကြန်တော်ခေါ်သည်" ပျော်ရမည် အမှန်ပင် ဖြစ်ပါမည်။ ။

ပြည့်စုံအေးမိုးကုတ်ရိပ်သာသင်္ကြန်တရားစခန်းပွဲ

ရန်ကုန် ဧပြီ ၁၀

ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် အမှတ်(၃)ရပ်ကွက် ပြည့်စုံအေးမိုးကုတ်ရိပ်သာ၏ ပထမအကြိမ် သင်္ကြန်တရားစခန်းပွဲကို ဧပြီ ၁၁ရက်မှ ၁၇ရက်အထိကျင်းပမည်ဖြစ်သည်။ တရားစခန်းပွဲကို ရိပ်သာပဓာနနာယက နယ်လှည့်သာသနာပြု ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တပညောဘာသ (ဓမ္မာစရိယ)အရှင်မြတ်က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

နောင်ချိုမြို့နယ်ကော်ဖီစိုက်ပျိုးနိုင်ရေး ရေအရင်းအမြစ်များဖော်ထုတ်ရန်ကွင်းဆင်း

ရန်ကုန် ဧပြီ ၁၀

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး မြင့်ရွှေ ဦးဆောင်၍စက်မှုလယ်ယာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး ကြည်ဝင်း၊ ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှမြင့်မောင်တို့ပါဝင်သောအဖွဲ့သည် ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်တွင် ကော်ဖီကေငါးသောင်း ပြည့်မီအောင်စိုက်ပျိုးနိုင်ရေးအတွက် ဘန့်ဘွေးဒေသ၊ ဟိုခိုဒေသ၊ သရက်ကုန်းဒေသအတွင်း ရေအရင်းအမြစ်များ ထုတ်ဖော်ရန် ဧပြီ ၂ ရက်မှ ၄ ရက်အထိ ကွင်းဆင်းလေ့လာကြသည်။ **(ယာပုံ)**

နောင်ချိုဒေသတွင် ကော်ဖီနှင့် မက္ကာဒေမီးယား စိုက်ပျိုးထုတ်လုပ်လိုသော ပုဂ္ဂလိကလုပ်ငန်းရှင်များအား မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း၊ သစ်တောဦးစီးဌာနနှင့် မြေစာရင်းဦးစီးဌာနများ ပူးပေါင်းပြီး မြေများဖော်ထုတ်ပေးလျက်ရှိသည်သာမက မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ ကော်ဖီစိုက်ပျိုးရာတွင် အထောက်အကူပြုစေရန်အတွက် ချေးငွေများ ထုတ်ပေးလျက်ရှိသည်။ **(က–ပ)**

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း ဇီးတောဆည်နှင့် ရေပေးဝေနိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်ရေးတက္ကသိုလ်၊ ကောလိပ်နှင့်သိပ္ပံများ ဒေသအလိုက်တည်ဆောက်ခဲ့ နိုင်ငံတော်ကအားကိုးအားထားပြုရမည့်ကျောင်းသားကျောင်းသူများဖြစ်အောင် ဆရာဆရာမများသင်ကြားပေး အတွင်းရေးမှူး(၁) ကျောက်ဆည်မြို့တည်ဆောက်ရေးလုပ်ငန်းများလှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၁၀

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ မန္တလေးမြို့တော်ဝန်၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ ဧပြီ ၈ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း ကျောက်ဆည်မြို့၌ ဆောင်ရွက်လျက်ရှိသည့် တည်ဆောက်ရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၊ မြို့ရေပေးဝေရေး လုပ်ငန်း၏ ရေသန့်စင်စက်ရုံ အမှတ်(၁)သို့ ရောက်ရှိပြီး ရေစုကန်၊အနည်ထိုင်ကန်၊ ရေစစ်ကန်၊ ရေကြည်ကန်များ တည်ဆောက်ထားမှုနှင့် ရေသန့်စင်စက်ရုံ အမှတ်(၁) တို့ကို ကြည့်ရှုစစ်ဆေးကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် ဇော်ဂျီရေထိန်းဆည်နှင့် ရေသိုလှောင်ထားနိုင်မှု အခြေအနေများကို လည်းကောင်း၊ ဇော်ဂျီမြစ်တစ်လျှောက်ကို လည်းကောင်း ကြည့်ရှု စစ်ဆေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် ရေသန့်စင်စက်ရုံ အမှတ်(၂)ကို ကြည့်ရှု စစ်ဆေးကြပြီး စက်ရုံအနီးရှိ ဆူးကုန်း ရပ်ကွက်အတွက် ရေတိုင် တပ်ဆင်ထားမှုနှင့် ရေရရှိအသုံးပြုနိုင်မှု အခြေအနေတို့ကို ကြည့်ရှု စစ်ဆေးကြသည်။

ဆက်လက်၍ ဆူးကုန်းရပ်ကွက်ရှိ နေအိမ်များသို့ ရေပေးဝေမှု အခြေအနေများကို ဝင်ရောက် ကြည့်ရှုစစ်ဆေးရာ အိမ်ရှင်တစ်ဦးက ရေမီတာ စနစ်တကျ တပ်ဆင်၍ ရေယူမှု၊ သန့်ရှင်းသည် ရေရရှိမှု အခြေအနေများကို ရှင်းလင်းပြသသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် ဇီးတောဆည်နှင့် ရေပေးဝေနိုင်မှု အခြေအနေများကို ကြည့်ရှုကြသည်။

အကောင်အထည်ဖော်

ထို့နောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၌ ကျောက်ဆည်ခရိုင်နှင့် မြို့နယ်မှ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံရာ စည်ပင်သာယာရေး ဦးစီးဌာန မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကံလှက ကျောက်ဆည်မြို့ တိုးချဲ့ရေပေးရေး လုပ်ငန်းကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့ ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း။

ကျောက်ဆည်မြို့ တိုးချဲ့ရေပေးရေးလုပ်ငန်းများကို ၂၀၀၃ ခုနှစ် ဩဂုတ်လတွင် ပြီးစီးခဲ့ပါကြောင်း၊ ယခုအခါ ရပ်ကွက်များတွင် ရေတိုင် ၁၄၈၅ တိုင်၊ အများသုံးရေကန် ၁၅ ကန် တပ်ဆင်တည်ဆောက်ပြီးစီးပြီး ဖြစ်ပါကြောင်း၊ ရေမီတာ ၉၉၉ လုံး တပ်ဆင်ပြီး အိမ်များသို့ ရေဖြန့်ဝေပေးလျက် ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလေးလွင်က ကျောက်ဆည်မြို့ သန့်ရှင်းသာယာလှပရေးဆောင်ရွက်ချက်များနှင့် စည်ပင်သာယာလမ်းများ ဖောက်လုပ်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ခရိုင်အင်ဂျင်နီယာမှူး ဦးမောင်မောင်လွင်က ကျောက်ဆည်ခရိုင် ပတ်လမ်း လေးလမ်း ဖောက်လုပ်ခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က မြို့ရေပေးရေးလုပ်ငန်း၊ လမ်းဖောက်လုပ်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဇော်ဂျီရေထိန်းဆည်နှင့် ရေသိုလှောင်ထားနိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

လိုအပ်သည်များမှာကြား

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်တို့က လိုအပ်သည်များကို မှာကြားကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မြို့တော်ခန်းမ (ကျောက်ဆည်)တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြရာ ရှေးဦးစွာ ရှင်းလင်းဆောင်၌ အရှေ့ဦး ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက် စီမံကိန်းမန်နေဂျာ ဦးပါစီက မြို့တော်ခန်းမ (ကျောက်ဆည်) တည်ဆောက်နေမှုနှင့် ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မြို့တော်ခန်းမ (ကျောက်ဆည်)တည်ဆောက်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ကျောက်ဆည်မြို့ ကျက်သရေဆောင် မြို့တော်ခန်းမကို ကျောက်ဆည်မြို့ ရန်ကုန်–မန္တလေးကားလမ်းဘေး ပြည်လုံးနိုင်ရပ်ကွက်တွင် တည်ဆောက်လျက်ရှိပြီး ယခုအခါ မြို့ပြလုပ်ငန်းများ ၄၂ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မြို့တော်ခန်းမ(ကျောက်ဆည်) တည်ဆောက်ရေးစီမံကိန်းမှ ကျောက်ဆည် တက္ကသိုလ်သို့ ရောက်ရှိကြရာ ဒုတိယပါမောက္ခချုပ် ဦးမျိုးတင့်ဆွေနှင့် ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများက ကြိုဆိုကြသည်။

စာမျက်နှာ ၁၂ ကော်လံ ၃ သို့

မြန်မာနိုင်ငံ ပညာရေးကော်မတီဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း အစိုးရကွန်ပျူတာကောလိပ် (မန္တလေး) စာသင်ခန်းများကို ကြည့်ရှုစစ်ဆေးစဉ်။(သတင်းစဉ်)

စာမျက်နှာ ၉ မှ

နိုင်ငံတကာအခြေအနေများကိုလေ့လာကြည့်လျှင် ယခင်က ဖွံ့ဖြိုးမှု နောက်ကျနေသည့်နိုင်ငံများသည် ဝီရိယစိုက်ထုတ် လုပ်ကိုင်မှုကြောင့် ယနေ့ အစစအရာရာ တိုးတက်ဖြစ်ထွန်းနေသည်ကို တွေ့ကြရမှာဖြစ်ကြောင်း။

ဝီရိယစိုက်ထုတ်လုပ်

နိုင်ငံတစ်နိုင်ငံ၊ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်မှာ ထိုနိုင်ငံ၊ ထိုဒေသနေ ပြည်သူများ ဝီရိယစိုက်အားထုတ် အလုပ်လုပ်မှုတွင် များစွာတည်မှီလျက်ရှိကြောင်း။

ထို့ကြောင့် မိမိတို့ရောက်သည့်နေရာတိုင်းတွင် ဌာနဆိုင်ရာတာဝန်ရှိသူ များနှင့် ပြည်သူများအား ဝီရိယစိုက်ထုတ်ပြီး ကုန်ထုတ်လုပ်ငန်းများ တိုးတက် အောင် အလုပ်လုပ်ကြဖို့ အလေးထားမှာကြားနေခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အပိုင်းကလည်း လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းဆောင် ရွက်ပေးနေသလို ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်သူများအပိုင်းကလည်း မိမိဒေသ၊ မိမိပြည်နယ်၊ မိမိနိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ တွင်လည်း တာဝန်ရှိသည်ဆိုသည့် မွန်မြတ်သော သဘောထားခံယူချက်ဖြင့် ဝီရိယစိုက်ထုတ်ပြီး တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားသည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မောင်တောမြို့နယ် ကြိမ်ချောင်းအခြေခံပညာ အထက် တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံ တို့ကိုလည်းကောင်း၊ ဘူးသီးတောင်မြို့နယ် လက်ဝဲဒက်အခြေခံပညာ အထက် တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံ တို့ကို သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးများအားပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ သည် မောင်တောမြို့နယ် ဝေသာလီစံပြကျေးရွာသို့ရောက်ရှိကြရာ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာအေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ကျေးရွာသူ ကျေးရွာသားများက ကြိုဆိုကြသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ထို့နောက် ဝေသာလီစံပြကျေးရွာ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးလှထွန်းကျော်က ကျေးရွာဖွံ့ဖြိုးရေးအတွက် လုပ်ငန်းလိုအပ် ချက်များကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဝေသာလီ စံပြကျေးရွာအတွက် ရုပ်မြင်သံကြားစက်နှင့် ဗီဒီယိုပြစက်ကိုလည်းကောင်း၊ ဝေသာလီစံပြကျေးရွာ အခြေခံပညာမူလတန်းကျောင်းအတွက် ဗလာစာအုပ် များကိုလည်းကောင်း၊ ကျေးရွာသူ ကျေးရွာသားများအတွက် ဆေးဝါးများကို လည်းကောင်း သက်ဆိုင်ရာတာဝန်ရှိသူများအား ပေးအပ်သည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင် များသည် မောင်တောမြို့တွင် ညအိပ်ရပ်နားကြသည်။ **(သတင်းစဉ်)**

ပန္နက်တင်

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ဧပြီ ၉ ရက်က ရသေ့တောင်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ ဦးချောင်-ဒေါ်ရွှေစင်မိသားစု (Gold Uni Investment Co., Ltd.)တို့၏ လှူဒါန်းငွေဖြင့် တည်ဆောက်မည့် နှစ်ထပ်ကျောင်းသစ်တည်ဆောက်ရန် ပန္နက်တင်ပေးစဉ်။ (သတင်းစဉ်)

သန်လျင်မိုးကုတ်ရိပ်သာသကြၤန်တရားစခန်းပွဲ

ရန်ကုန် ဧပြီ ၁၀

ရန်ကုန်တိုင်း သန်လျင်မြို့ အမှတ် ၂၄ သိပ္ပံလမ်း အုတ်ဖိုစုရပ်ကွက် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲ အမှတ်(၁၂၆)၏ (၅၈)ကြိမ်မြောက် တရားစခန်းပွဲကို ဧပြီ ၁၁ ရက်မှ ၁၇ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ယင်း တရားစခန်းပွဲကို အဖွဲ့ချုပ်ကြီး၏ ကမ္မဋ္ဌာနာစရိယ သန်လျင် ရွှေနံ့သာ ဆရာတော် ဘဒ္ဒန္တပညာဝံသနှင့် စမ်းချောင်း ဗားကရာကျောင်း ဦးပဏ္ဍိတ အရှင်မြတ်တို့က ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း ခန္ဓပဋိစ္စသမုပ္ပာဒ် နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားမည် ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၅ ခုနှစ်၊နှောင်းတန်ခူး လပြည့်ကျော် ၇ ရက်၊ အဖိတ်နေ့ ၁၁-၄-၂၀၀၄ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာ တော်ကြီး ဦးဥတ္တမသာရ၏ ပရိတ် တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈း၀၀ ၆။ အတီးပြိုင်ပွဲ
၈း၁၀ ၇။ ကပ်တဲလ်ကြိုးတံတား
၈း၂၀ ၈။ ခါသကြၤန် အဆို အကများ
၈း၃၀ ၉။ International News
၈း၄၅ ၁၀။ Say it in English
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ ခါသကြၤန် အဆို အကများ
၁၁း၂၅ ၃။ နဂါးရေလှောင်တမံ
၁၁း၄၀ ၄။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၅၅ ၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **"နက်ရှိုင်းမေတ္တာ"** (အပိုင်း-၃၂)
၁၂း၃၀ ၆။ ဖွံ့ဖြိုးသာယာ ပါဒကြီးကျေးရွာ
၁၂း၄၀ ၇။ မြန်မာဗီဒီယိုဇာတ်လမ်း **"နှစ်ထောင့်တစ်ရဲ့ ပိတောက်ပွင့်"** (ရာဇာနေဝင်း၊ မင်းအုပ်စိုး၊ ကြည်လဲ့လဲ့ဦး) (ဒါရိုက်တာ-ဝင်းထွန်းထွန်း)
၁၄း၃၀ ၈။ ဖြူးချောင်းတံတား
၁၄း၄၅ ၉။ International News
၁၅း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၁၆း၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
၁၇း၀၀ ၅။ ခါသကြၤန် အဆို အကများ
၁၇း၁၅ ၆။ တောင်းဆုပြည့်စုံ မြတ်ဘုရားရွှေတိဂုံ (အပိုင်း-၁)
၁၇း၃၀ ၇။ ဆိုကြမယ် ပျော်ကြမယ်
၁၈း၃၀ ၈။ ညနေခင်းသတင်း
၁၉း၀၀ ၉။ မိုးလေဝသအခြေအနေ
၁၉း၀၅ ၁၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **"နှင်းပွင့်"** (အပိုင်း-၃)
၁၉း၃၀ ၁၁။ ခါသကြၤန် အဆို အကများ
၁၉း၄၅ ၁၂။ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား
၂၀း၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ မြန်မာဗီဒီယိုဇာတ်လမ်း **"သကြၤန်ရေစိုပါစေ"** (အပိုင်း-၂) (ဝေဠုကျော်၊ မျိုးစန္ဒီကျော်၊ ခိုင်နှင်းဝေ) ဒါရိုက်တာ-မောင်နီလွင် (သပြု)
၁၇။ နောက်တစ်နေ့အစီအစဉ်
၁၈။ အစီအစဉ်ပြီး၏။

စာမျက်နှာ ၁၁ မှ

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကျောက်ဆည် တက္ကသိုလ်၏ လေးထပ်ပင်မဆောင် ဆောက်လုပ်ပြီးစီးမှု အခြေအနေများ ကို ကြည့်ရှုစစ်ဆေးရာ ရွှေနန်းသစ် ဆောက်လုပ်ရေးကုမ္ပဏီဥက္ကဋ္ဌ ဦးမြင့် ဟန်က ရှင်းလင်းပြသသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် သုံးထပ်ဆောင် တစ်ဆောင်နှင့် နှစ်ထပ်ဆောင် ရှစ်ဆောင် ဆောက်လုပ်ပြီးစီးမှု အခြေ အနေများကိုလည်းကောင်း၊ e-Education Learning Centre နှင့် Computer Training Centreတို့ကို လည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ထို့နောက် ပင်မလေးထပ်ဆောင် မြေညီထပ်နှင့် ရှင်းလင်းခန်းမ၌ ကျောက်ဆည်တက္ကသိုလ် ဒုတိယ ပါမောက္ခချုပ် ဦးမျိုးတင့်ဆွေက ကျောက်ဆည်တက္ကသိုလ်တွင် ဖွင့်လှစ် သင်ကြားပေးလျက်ရှိသော ဘာသာရပ် အလိုက်သင်တန်းများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက် ပညာ သင်ကြားမှုများ၊ ဆောက်လုပ်ပြီး ကျောင်းဆောင်များနှင့် ကျောင်း ဆောင်အလိုက် စာသင်ခန်းများအား အသုံးပြုနေမှုများ၊ သင်ကြား/စီမံ ဝန်ထမ်းရေးရာကိစ္စများကို ရှင်းလင်း တင်ပြသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံပညာရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ အတွင်း ရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက နိုင်ငံတော်အနေဖြင့် လူ့စွမ်း အားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက် လာရေးအတွက် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံစသည့် ရုပ်ပိုင်းဆိုင်ရာ အဆောက်အအုံများ ဒေသအလိုက် ပြည့်စုံအောင် တည်ဆောက်ပေးလျက် ရှိကြောင်း၊ သင်ကြားရေးဆိုင်ရာ ဆရာ ဆရာမများ ပြည့်စုံရေး အတွက်လည်း ဖြည့်ဆည်း ဆောင်ရွက်ပေးလျက် ရှိကြောင်း။

ထို့ကြောင့် ဆရာ ဆရာမများ အနေဖြင့် နိုင်ငံတော်က ပံ့ပိုးပေးထား သည့် အဆောက်အအုံများ၊ သင် ထောက်ကူပစ္စည်းများကို အပြည့်အဝ အသုံးချပြီး မိမိတို့၏ ကျောင်းသား ကျောင်းသူများအမှန်တကယ်စာတတ် မြောက်အောင်၊ နိုင်ငံတော်က အားကိုး အားထားပြုရသူများ ဖြစ်လာအောင် သင်ကြား ပေးစေလိုကြောင်းဖြင့် ရင်းရင်းနှီးနှီး မှာကြားသည်။

ကျောက်ဆည်တက္ကသိုလ်ကို ၂၀၀၂ခုနှစ် ဇွန်လမှစ၍ ဖွင့်လှစ်ခဲ့ရာ ကျောင်းသား ကျောင်းသူများ တက် ရောက်ပညာသင်ကြားလျက်ရှိသည်။

ထို့နောက် အတွင်းရေးမှူး(၁) နှင့်အဖွဲ့ဝင်များသည် အစိုးရကွန်ပျူ တာကောလိပ်(မန္တလေး)သို့ ရောက် ရှိကြသည်။

တည်ဆောက်ပြီးစီးမှု

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ နောင်တုံဆောက်လုပ်ရေးကုမ္ပဏီလီမိ တက် တာဝန်ခံအင်ဂျင်နီယာ ဦးစိုင်း စံထွန်းက အစိုးရကွန်ပျူတာကောလိပ် (မန္တလေး) တည်ဆောက်ရေးလုပ်ငန်း များနှင့် တည်ဆောက်ပြီးစီးမှု အခြေ အနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံပညာရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ အတွင်းရေး မှူး(၁)ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် အစိုးရကွန်ပျူတာ ကောလိပ်(မန္တလေး)တည်ဆောက်ရေး လုပ်ငန်းများနှင့်ပြီးစီးမှုအခြေအနေများ ကို ကြည့်ရှုစစ်ဆေးကြသည်။

အစိုးရကွန်ပျူတာကောလိပ် (မန္တလေး)တည်ဆောက်ရေးလုပ်ငန်း များမှာ ယခုအခါ ၃၈ရာခိုင်နှုန်းပြီးစီး နေပြီဖြစ်သည်။ **(သတင်းစဉ်)**

ကျောက်ဆည်တက္ကသိုလ်၏ လေးထပ်ပင်မဆောင် ဆောက်လုပ်ပြီးစီးမှု အခြေအနေကို တွေ့ရစဉ်။ (သတင်းစဉ်)

✻ ကျောဖုံးမှ

လူတိုင်းလူတိုင်းသည်အအေးဓာတ်ရှိရာအဆောက်အအုံများ၊ သစ်ရိပ်ဝါးရိပ်များဆီသို့သာ ခြေဦးလှည့်လိုစိတ်များ ရှိနေကြမည်ဟု ထင်သည်။ နွေ၏ပူပြင်းခြင်းကား ချစ်ချစ်တောက်။ သို့သော် ပင်အိုပင်ပျိုတို့သည် ရွက်ဟောင်းများ ကြွေကျကာ ရွက်သစ်ရွက်နုတို့ ဝေဖြာလျက် နှစ်ကူးနှစ်ဦးကို ကြိုဆိုရန် အားအင်အပြည့် စိမ်းလန်းဝေဖြာလျက် ရှိသည်။ ပန်းမာလာများဖြစ်သည့် ပိတောက်၊ ငုဝါ၊ ကံ့ကော်၊ အင်ကြင်းစသော ရနံ့မွှေးကြိုင်သော ပန်းအပေါင်းတို့ကလည်း နှစ်သစ်ကို ကြိုဆိုရန် အားပြိုင်ကြလျက်ရှိသည်။ ကျေးငှက်သာရကာ တစ်အုပ်သည်လည်း ဟိုအဝေးဆီမှ ပြန်လာကြလျက် ကောင်းကင်ယံ၌တွေ့လိုက်ရသည်။ ဤသည်ကား နှစ်ဦးတန်ခူးလ၏ ပန်းချီကား တစ်ချပ်။

လတန်ခူးရောက်ပြီဆိုရင်ဖြင့် နှစ်သစ်ကို ကြိုဆိုသည့် သင်္ကြန်သီချင်းများ နေရာအနှံ့တွင် ကြားနေရသည်။ နှစ်သစ်ကို ပါဝင်ဆင်နွှဲလိုစိတ်များ တဖွားဖွား ဖြစ်ကြရသည်။

ယခုနှစ်တွင် ကျင်းပမည့် မြန်မာ့ရိုးရာမဟာသင်္ကြန်သည် ယခင်နှစ်များကထက် ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို ဖော်ထုတ်ပြသမည့် ရိုးရာယဉ်ကျေးမှုပွဲတော်ဖြစ်သည်။

ထုတ်ပြန်ထား

ယဉ်ကျေးမှုပွဲတော်ကြီးဖြစ်သည်နှင့်အညီ အများအမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှုများ၊ ပြုမူပြောဆိုမှုများ၊ မူးယစ်ရမ်းကားမှုများ မပြုလုပ်မိကြရန်နှင့် ယာဉ်တိုက်မှုများ မဖြစ်ပွားအောင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများလိုက်နာရေးစသော နှိုးဆော်ချက်များ သက်ဆိုင်ရာဌာနများက သတင်းထုတ်ပြန်ထားသည်။

မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်သည် သင်္ကြန်အကြို၊ သင်္ကြန်အကျ၊ သင်္ကြန်အကြတ်၊ သင်္ကြန်အတက်ဟူ၍ရှိရာထိုကာလရက်များအတွင်းရပ်ကွက်အသီးသီးရှိ လမ်းတိုင်းလမ်းတိုင်းတွင် စတုဒိသာကျွေးမွေးခြင်း၊ ဥပုသ်သီလဆောက်တည်ခြင်း၊ သက်ကြီးရွယ်အိုများအား ပြုစုစောင့်ရှောက်ခြင်းတို့သည်ကား မြန်မာ့နှစ်ကူး၏ ယဉ်ကျေးမှုအမွေအနှစ်တစ်ရပ်ပင်ဖြစ်သည်။ ထို့အပြင် သက်လွတ်ပွဲ၊ ဘေးမဲ့လွှတ်ပွဲများကလည်းမြန်မာ့ယဉ်ကျေးမှုပွဲတော်၏ ထူးခြားချက်များပင်ဖြစ်သည်။

သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများကပြည်သူအပေါင်းစိတ်ရွှင်လန်းချမ်းမြေ့စွာဖြင့် ရေသဘင်ပွဲတော်ကြီးတွင် ပါဝင်ဆင်နွှဲနိုင်ရန်၊ ပြည်သူတို့၏တစ်နှစ်တာကာလပတ်လုံး ပင်ပန်းနွမ်းနယ်မှုကို အတာရေဖြင့် ပက်ဖျန်းရွှင်လန်းစေရန်၊ မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအနှစ်သာရများ၊အမျိုးသားရေးစရိုက်လက္ခဏာများ ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ရန်ဟူသော ရည်ရွယ်ချက်များဖြင့် ကျင်းပရန်စီစဉ်လျက်ရှိသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကြီးတွင် ပါဝင်ဆင်နွှဲရန် ဌာနဆိုင်ရာများ၊ ကုမ္ပဏီများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့အနေဖြင့်လည်း ဓာတ်တိုက်သီဆိုကပြမှုများ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ဓာတ်တိုက်လေ့ကျင့်သီဆိုမှုများအနက် နိုင်ငံခြားရေးဝန်ကြီးဌာနသမီးပျိုလေးများ၏ဓာတ်တိုက်ရာ ရန်ကုန်မြို့ ပြည်လမ်း နိုင်ငံခြားရေးဝန်ကြီးဌာနရုံးအဆောက်အအုံသို့မြန်မာ့အလင်းသတင်းအဖွဲ့သွားရောက်ခဲ့သည်။

ပိုမိုမြူးကြွ

အပြာရောင်ဝတ်ဆင်ထားသော နိုင်ငံခြားရေးဝန်ကြီးဌာန၏ ဆယ်ဦးအဖွဲ့ သမီးလေးများ ယိမ်းအကမှာ ပျော့ပျောင်းသော ကကွက်နှင့်အတူ တူးပို့တူးပို့ဆိုင်းချက်များက အားဖြည့်ထားခြင်းကြောင့် ပိုမို မြူးကြွလျက်ရှိသည်ကို တွေ့ရသည်။

တစ်ဖန် အနီရောင်ဝတ်ဆင်ထားသော နိုင်ငံခြားရေးဝန်ကြီးဌာန၏ သမီးပျိုလေးများ ဆယ်ဦးအဖွဲ့ယိမ်းမှာလည်း မြူးမြူးကြွကြွ နှစ်သစ်ကူးအကများဖြင့် တင်ဆက်ကပြသွားသည်ကို တွေ့ရသည်။

သံတမန်သင်္ကြန်သီချင်း

မြခွာညိုအလိုက်ဖြင့် သီဆိုသည့် သံတမန်သင်္ကြန်သီချင်း၊ ရုံးတော်လွှတ်တော်အလိုက်ဖြင့် သီဆိုသည့် သံတမန်တွေနှင့်သင်္ကြန်ရေဆိုသည့် သီချင်းတို့မှာလည်း အထူးဖျော်ဖြေတင်ဆက်မှုများဖြစ်ကြောင်းသိရသည်။

မကြာမီကျရောက်တော့မည့် ၁၃၆၅ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှုသင်္ကြန်ပွဲတော်တွင် နိုင်ငံခြားရေးဝန်ကြီးဌာနမှ လှပျိုဖြူလေးများကယိမ်းအကဖြင့် ကပြဖျော်ဖြေရန် ဤသို့ကြိုတင်လေ့ကျင့်လျက်ရှိသည်။
ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)

နိုင်ငံခြားရေးဝန်ကြီးဌာနက မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို ၂၀၀၄ခုနှစ် ဧပြီ ၁၄ရက်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဓိဇဝါရိပ်သာမြက်ခင်းပြင်၌ကျင်းပရန်စီစဉ်လျက်ရှိကြောင်းသိရသည်။

နိုင်ငံခြားဧည့်သည်များ

နိုင်ငံခြားရေး ဝန်ကြီးဌာနမှ စားလှယ်များ၊ ၎င်းတို့၏ဇနီးများနှင့်မိသားစုများ၊ ရန်ကုန်မြို့၌ ကျင်းပသော ဒုတိယအကြိမ်မြောက်အာဆီယံဆွေးနွေးဖက်နိုင်ငံများ(အေအာအက်ဖ်)၏ Inter-Sessional Support Group on Confidence Building Measures အစည်းအဝေးသို့ တက်ရောက်ကြသည့် ကိုယ်စားလှယ်အဖွဲ့ဝင်များ လာရောက်ကာ မြန်မာ့ရိုးရာအတာရေသဘင်ပွဲတော်ကို နွှဲပျော်ကြမည်ဟု သိရှိရသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ရေသဘင်ပွဲတော်တွင် ပါဝင်ဆင်နွှဲကြသည့် သံတမန်များ၊ အာဆီယံဆွေးနွေးဖက်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ အဖွဲ့ဝင်များသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ရေသဘင်မဏ္ဍပ်၊ ပြည်ထဲရေးဝန်ကြီးဌာန ရေသဘင်မဏ္ဍပ်၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ရေသဘင်မဏ္ဍပ်များသို့ လှည့်လည်ကာ မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကို နွှဲပျော်ကြမည်ဟု သိရသည်။

ဤသို့ နိုင်ငံခြားသားများ ပါဝင်ဆင်နွှဲကြမည့်အတာသင်္ကြန်ပွဲတော်မှာ မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ယဉ်ကျေးမှုသင်္ကြန်ပွဲတော်၏ အနှစ်သာရရှိပုံများဖော်ထုတ်ပြသရေးသည် သင်္ကြန်ချစ်သောပြည်သူအားလုံး၏ တာဝန်ဖြစ်သည်။

အမျိုးသား ယဉ်ကျေးမှုကို ထိန်းသိမ်းကြရမည်။ သရုပ်ပျက်ယဉ်ကျေး မှုကိုရှောင်ကြဉ်ကြရမည် သာဖြစ်သည်။ မြန်မာ့

လွန်ခဲ့သော ၁၃၆၄ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှုသင်္ကြန်ပွဲတော်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန ရေကစားမဏ္ဍပ်၌ သံတမန်များ၊ နိုင်ငံခြားဧည့်သည်တော်များဖြင့် ဤသို့ပျော်ရွှင်စွာ ရေကစားခဲ့ကြသည်။
ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)

ရေပွဲတော်ကဗျာ၊ ပိတောက်ပင်လယ်၊ ဧပြီတန်ခူး၊ လတ်တီးစသော သင်္ကြန်သီချင်းများနှင့်အတူ ယိမ်းအဖွဲ့များက သီဆိုကပြကြကြောင်း သိရသည်။

ကျင်းပပြုလုပ်သော မြန်မာ့ရိုးရာရေသဘင်ပွဲတော်သို့ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာအဖွဲ့အစည်းများမှ ဌာနေကိုယ်

ယဉ်ကျေးမှုသင်္ကြန်ဖြင့် မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြှင့်တင်ကြရမည်သာဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပေသတည်း။ ။
(မြန်မာ့အလင်း)

မဟာသင်္ကြန်အကျ၊ အကြတ်၊ အတက်ရက်များနှင့် မြန်မာ-ရခိုင် နှစ်ဆန်းတစ်ရက် ဝါဆိုဝါကပ်လရက်များကြေညာ

ရန်ကုန် ဧပြီ ၁၀

ဇေယျတု မြန်မာသက္ကရာဇ် ၁၃၆၅ ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၉ ရက်၊ ရခိုင်သက္ကရာဇ် ၁၃၆၅ ခုနှစ် (ပ)တာကူးလပြည့်ကျော် ၉ ရက်၊ ခရစ်နှစ် ၂၀၀၄ ဧပြီ ၁၃ ရက် (အင်္ဂါနေ့) ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရ မြန်မာစံတော်ချိန် ညစက် ၈ နာရီ ၁၂ မိနစ် ၃၃ စက္ကန့်အချိန်တွင် မဟာသင်္ကြန်ကျသည်။

မြန်မာသက္ကရာဇ် ၁၃၆၅ ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၁၀ ရက်၊ ၁၁ ရက်၊ ရခိုင်သက္ကရာဇ် ၁၃၆၅ ခုနှစ်(ပ)တာကူးလပြည့်ကျော် ၁၀ရက်၊ ၁၁ ရက်၊ ခရစ်နှစ် ၂၀၀၄ ခု ဧပြီ ၁၄ ရက်၊ ၁၅ ရက် (ဗုဒ္ဓဟူးနေ့နှင့် ကြာသပတေးနေ့)များတွင် မဟာသင်္ကြန် နှစ်ရက် ကြတ်သည်။

မြန်မာသက္ကရာဇ် ၁၃၆၅ ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၁၂ ရက်၊ ရခိုင်သက္ကရာဇ် ၁၃၆၅ ခုနှစ် (ပ) တာကူးလပြည့်ကျော် ၁၂ရက်၊ ခရစ်နှစ် ၂၀၀၄ ဧပြီ ၁၆ ရက် (သောကြာနေ့) မြန်မာစံတော်ချိန် ညဉ့် ၁၂ နာရီ ၁၇ မိနစ် ၁၅ စက္ကန့် အချိန်တွင် မဟာသင်္ကြန်တက်သည်။

မြန်မာသက္ကရာဇ် ၁၃၆၆ ခုနှစ် ဦးတန်ခူးလပြည့်ကျော် ၁၃ရက်၊ ရခိုင်သက္ကရာဇ် ၁၃၆၆ ခုနှစ် (ပ)တာကူး လပြည့်ကျော် ၁၃ ရက်၊ ခရစ်နှစ် ၂၀၀၄ဧပြီ၁၇ရက်(စနေနေ့)သည်မြန်မာ-ရခိုင် နှစ်ဆန်းတစ်ရက် နေ့ဖြစ်သည်။

မြန်မာသက္ကရာဇ် ၁၃၆၆ ခုနှစ်တွင် အဓိမာသ-အဓိဝါ (လထပ်-ရက်ငင်)ရှိသော နှစ်ဖြစ်၍ ဗုဒ္ဓဘာသာ သာသနာတော်ဝန်ထမ်း ရဟန်းတော်အရှင်မြတ်တို့မှာ ၁၃၆၆ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက်၊ ရခိုင်သက္ကရာဇ် ၁၃၆၆ ခုနှစ် ဝါဆိုလပြည့်ကျော် ၁ ရက်၊ ခရစ်နှစ် ၂၀၀၄ ဩဂုတ် ၁ ရက်(တနင်္ဂနွေနေ့)တွင် ပထမပုရိမ ဝါကပ်ဆိုတော်မူကြ၍ မြန်မာ-ရခိုင်သက္ကရာဇ် ၁၃၆၆ခုနှစ် ဝါခေါင်လပြည့်ကျော် ၁ရက်၊ ခရစ်နှစ် ၂၀၀၄ ဩဂုတ် ၃၁ ရက်(အင်္ဂါနေ့)တွင် ဒုတိယပစ္ဆိမဝါကပ်ဆိုတော်မူကြရမည်ဖြစ်သည်။

မြန်မာသက္ကရာဇ် ၁၃၆၆ ခုနှစ် ဝေါဟာရ ကဆုန်လပြည့်နေ့မှာ ခရစ်နှစ် ၂၀၀၄ မေ ၃ ရက် (တနင်္လာနေ့)ဖြစ်ပြီး တိထိကဆုန်လပြည့်နေ့မှာ ခရစ်နှစ် ၂၀၀၄ မေ ၅ ရက် (ဗုဒ္ဓဟူးနေ့) ဖြစ်သည်။

မြန်မာသက္ကရာဇ် ၁၃၆၆ ခုနှစ်တွင် နေနှစ်ကြိမ်၊ လနှစ်ကြိမ်ကြတ်မည်ဖြစ်သည်။ နေသည် (၁၉-၄-၂၀၀၄) ၂၀း၀၀ နာရီတွင် ပထမအကြိမ်ကြတ်ပြီး မြန်မာပြည်မှ မမြင်ရပါ။ (၁၄-၁၀-၂၀၀၄) ဝ၉း၂၉ နာရီတွင် ဒုတိယအကြိမ်ကြတ်ပြီး မြန်မာပြည်မှ မမြင်ရပါ။

လမင်းသည် (၅-၅-၂၀၀၄) ဝ၃း၀၀ နာရီတွင် ပထမအကြိမ်ကြတ်ပြီး မြန်မာပြည်မှ မြင်ရပါမည်။ (၂၈-၁၀-၂၀၀၄) ဝ၉း၃၄ နာရီတွင် ဒုတိယအကြိမ်ကြတ်မည်ဖြစ်ပြီး မြန်မာပြည်မှ မမြင်ရကြောင်းဖြင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ သတင်းထုတ်ပြန်သည်။ **(သတင်းစဉ်)**

မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်

ဆင်နွှဲသူများလိုက်နာရန် တိုက်တွန်းနှိုးဆော်ချက်

(က) မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်နှင့်ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏ အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ ပြုမူပြောဆိုမှုများ မပြုလုပ်ရန်။

(ခ) ဗုဒ္ဓဘာသာယဉ်ကျေးမှု အဆုံးအမနှင့် ဖီလာဆန့်ကျင်သည့် အပြုအမူ၊ ပြောဆိုမှုများ မပြုလုပ်ရန်။

(ဂ) အချင်းချင်း ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေသည့် ကြမ်းတမ်းသည့် ရေကစားမှုများ မပြုလုပ်ရန်။

(ဃ) တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေပြီး ဆူပူမှုကို ဖြစ်စေနိုင်သည့် လှုံ့ဆော်ဖန်တီးပြုမူ ပြောဆို၊ ကြိုးပမ်းမှုများကို မပြုလုပ်ရန်။

မဟာသင်္ကြန်စည်းကမ်းထိန်းသိမ်းရေးကော်မတီ။

ရန်ကုန်တိုင်းနှင့် ပဲခူးတိုင်းတို့အား ပေါင်းကူးဆက်သွယ်ပေးသည့် တိုက်ကြီး-ဖောင်ကြီး-ပဲခူးရိုးမ ဖြတ်ကျော် ဂဝံလမ်းသစ်ဖွင့်

ရန်ကုန် ဧပြီ ၁၀

ရန်ကုန်တိုင်းနှင့် ပဲခူးတိုင်းတို့အား ပေါင်းကူးဆက်သွယ်ပေးသည့် တိုက်ကြီး–ဖောင်ကြီး–ပဲခူးရိုးမဖြတ်ကျော်သည့် ဂဝံလမ်းသစ်ဖွင့်ပွဲ အခမ်းအနားများကို ရန်ကုန်တိုင်း တိုက်ကြီးမြို့နှင့် ပဲခူးတိုင်းအတွင်း ရန်ကုန်–ပဲခူး ခြောက်လမ်းသွား လမ်းမကြီးနှင့် တိုက်ကြီး–ဖောင်ကြီး–ပဲခူးလမ်းဆုံအနီးတို့၌ ယမန်နေ့မွန်းလွဲပိုင်းက နှစ်နေရာခွဲ၍ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုတို့ တက်ရောက် ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ရှေးဦးစွာ တိုက်ကြီး–ဖောင်ကြီး–ပဲခူးရိုးမ ဖြတ်ကျော်သည့် ဂဝံလမ်းသစ်ဖွင့်ပွဲအခမ်းအနားကိုမွန်းတည့်၁၂နာရီတွင် ရန်ကုန်တိုင်းဘက်ခြမ်း တိုက်ကြီးမြို့ရှိ အဆိုပါလမ်းသစ် မုခ်ဦးအနီးယာယီမဏ္ဍပ်၌ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာန စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးမှ ဦးစီးအရာရှိ(ပထမတန်း) ဒုတိယဗိုလ်မှူးကြီး သိုက်စိုးက တိုက်ကြီး–ဖောင်ကြီး–ပဲခူးလမ်းဖောက်လုပ်ခဲ့မှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်ကိုကိုနှင့် ကာကွယ်ရေးဝန်ကြီးဌာန စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး ဦးစီးအရာရှိ (ပထမတန်း) ဒုတိယဗိုလ်မှူးကြီးသိုက်စိုးတို့က တိုက်ကြီး–ဖောင်ကြီး– ပဲခူးရိုးမ ဖြတ်ကျော် ဂဝံလမ်းသစ်ကြီးအား တိုက်ကြီးမြို့ မုခ်ဦးရှေ့တွင် ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊တိုင်းမှူးဗိုလ်ချုပ်ကိုကိုနှင့် အဖွဲ့ဝင်များသည်တိုက်ကြီးမြို့မှ တိုက်ကြီး–ဖောင်ကြီး–ပဲခူးလမ်း တစ်လျှောက် မော်တော်ယာဉ်များဖြင့် လမ်းအခြေအနေများနှင့် တံတား အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ တိုက်ကြီး–ဖောင်ကြီး–ပဲခူး ရိုးမဖြတ်ကျော် ဂဝံလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို ပဲခူးတိုင်းဘက်ခြမ်း ရန်ကုန်–ပဲခူး ခြောက်လမ်းသွား လမ်းမကြီးနှင့် ယင်းလမ်းအဆုံအနီး ယာယီမဏ္ဍပ်၌ မွန်းလွဲ၂နာရီတွင် ဆက်လက်ကျင်းပရာ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ကိုကိုက အမှာစကားပြောကြားသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာန စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးမှ ဦးစီးအရာရှိ(ပထမတန်း) ဒုတိယဗိုလ်မှူးကြီးသိုက်စိုးက တိုက်ကြီး–ဖောင်ကြီး–ပဲခူးလမ်းအား တပ်မတော်သားများက ဖောက်လုပ်ခဲ့မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးမှ ဦးစီးအရာရှိ (ပထမတန်း) ဒုတိယဗိုလ်မှူးကြီး သိုက်စိုးတို့က တိုက်ကြီး–ဖောင်ကြီး–ပဲခူး ဂဝံလမ်းသစ်ကြီးကို ပဲခူးမြို့နယ်အတွင်း မုခ်ဦးရှေ့တွင် ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ယနေ့ ဖွင့်လှစ်သည့် တိုက်ကြီး–ဖောင်ကြီး–ပဲခူး ရိုးမဖြတ်ကျော်သည့် ဂဝံလမ်းသစ်ကြီးသည် အရှည် ၄၂မိုင် ၅ဖာလုံရှိပြီး၊ မြေသားလမ်း အကျယ်ပေ ၄၀၊ ဂဝံလမ်းအကျယ် ၂၂ပေရှိကာ လမ်းတစ်လျှောက် သံကူကွန်ကရစ်တံတား သုံးစင်း၊ ကွန်ကရစ်ရေပြွန် ၆၀စင်း၊ သစ်သားတံတား ၃၁စင်းနှင့် သစ်သား ရေပြွန် ၁၈ ခု ပါရှိသည်။

လမ်းသစ်ကြီးအား တပ်မတော်သားများက တာဝန်ယူဖောက်လုပ်ခဲ့ပြီး ဤလမ်းသစ်ကြီး ဖောက်လုပ်ပြီးစီးသည့်အတွက် တိုက်ကြီး–မှော်ဘီ–ထောက်ကြန့်– လှည်းကူး–ပဲခူးလမ်းထက် အရှည် ၂၂ မိုင် ၃ ဖာလုံ ပိုမိုတိုတောင်းခြင်းကြောင့် အချိန်တိုအတွင်း သွားလာမှု လွယ်ကူမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြင်ဦးလွင် ဗဟိုမီးသတ်သင်တန်းကျောင်းလုပ်ငန်းများ ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ကျော်မြင့်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၁၀

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်သည် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၇ ရက် မွန်းလွဲပိုင်းက မန္တလေးတိုင်း ပြင်ဦးလွင် ဗဟိုမီးသတ်သင်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းအတွင်း စိုက်ပျိုးထားရှိမှုအခြေအနေ၊ သဘာဝရေထွက်မှ ဆင့်ကဲရေတင်စနစ်ဖြင့် ရေလုံလောက်စွာရရှိရေး ကြိုးပမ်းဆောင်ရွက်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဧပြီ၈ရက် နံနက်တွင် အသက်ကယ်ပညာရပ် လေ့ကျင့်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ကျောင်းမော်တော်ယာဉ်ဌာနနှင့် မွေးမြူရေး ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဇီးပင်ကြီး မူလတန်းကြိုကျောင်းနှင့် အိမ်တွင်းမှု သက်မွေးပညာသင်ကျောင်းတို့ကိုစစ်ဆေး၍ လိုအပ်ချက်များ ဖြည့်ဆည်းပေးသည်။

ဧပြီ ၉ ရက် နံနက်တွင် ကျောင်းအတွင်း ဖွင့်လှစ်သင်ကြားလျက်ရှိသော သင်တန်းလေးခုမှ သင်တန်းသားများအား မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး အတွက် ပို့ချဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေ့ဆွမ်းဆက်ကပ်

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်သိန်း ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၏ဒုလ္လဘရဟန်းခံ ရှင်ပြုနှင့် သီလရှင်ဝတ်အလှူတော် မင်္ဂလာအခမ်းအနားတွင် ဆရာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းစဉ်။ (သတင်းစဉ်)

ငွေရတု ဆန္ဒ

၁၁–၄–၂၀၀၄ရက်မှာ ကျရောက်တဲ့ (၂၅) နှစ်မြောက် ငွေရတုမင်္ဂလာရက်မြတ်မှသည် ပုလဲရတု၊ ရွှေရတုမင်္ဂလာသို့တိုင် မောင်ကြီး၊ သားကြီး ဂျူဂျူး၊ သမီးလေး ရူရူး၊ သားငယ် ဂူဂူးတို့နှင့်အတူ လျှောက်လှမ်းကြရအောင်။

မောင်ကြီး(ဖိုးကော်)

ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ရဟန်းခံ၊ ရှင်ပြုသီလရှင်ဝတ်အလှူတော်မင်္ဂလာကျင်းပ

ရန်ကုန် ဧပြီ ၁၀

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဝန်ထမ်းမိသားစု၏ ရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ် အလှူတော်မင်္ဂလာ အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် (၅)ရပ်ကွက်ရှိ ရတနာ့ဗိမာန် ပရိယတ္တိစာသင်တိုက်၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးသိန်းစိန်နှင့်ဗိုလ်မှူးချုပ်အောင်သိန်း၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဇနီးများ၊ အထူးဖိတ်ကြားထားသူများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

ထို့နောက် ရတနာ့ဗိမာန်ပရိယတ္တိစာသင်တိုက် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒောဘာသထံမှ ညွှန့်ပရိသတ်တို့က ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် ဆရာတော် သံဃာတော်များအား ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်သိန်း၏ ဇနီး ဒေါ်ကြည်ကြည်ဆွေနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူတို့က လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

အခမ်းအနားအပြီးတွင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဧည့်သည်တော်များက ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ယနေ့ အလှူတော်မင်္ဂလာအခမ်းအနားတွင် ဒုလ္လဘရဟန်း ၃၈ ပါး၊ ရှင်သာမဏေ ကိုးပါးနှင့် သီလရှင် ၁၃ ပါးတို့ သာသနာ့ဘောင်ဝင်ကြသည်။ **(သတင်းစဉ်)**

မိုးရွာမှုယ်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့မွန်းလွဲ၊ ညနေပိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

မွန်တိုင်းရင်းသားလေ့လာရေးအဖွဲ့ တပ်မတော်စစ်သမိုင်းပြတိုက်လေ့လာ

ရန်ကုန် ဧပြီ ၁၀

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ဖိတ်ကြားချက်အရ တန်ခိုးကြီးဘုရားများ ဖူးမြော်ရန်နှင့် နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်မှုများကို ကြည့်ရှုလေ့လာရန် ရန်ကုန်မြို့တွင် ရောက်ရှိနေသော မွန်ပြည်နယ်ရေးချောင်းဖျားဒေသမှ မွန်တိုင်းရင်းသား တိုင်းရင်းသူ လေ့လာရေးအဖွဲ့ဝင် ၅၂ ဦးတို့သည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဗိုလ်ကြီးအေးကျော် လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရွှေတိဂုံစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။ ဆက်လက်၍ မဟာဝိဇယစေတီတော်အား ဖူးမြော်ကြည်ညိုကြပြီး အလှူငွေများ ထည့်ဝင်လှူဒါန်းကြသည်။

လေ့လာရေးအဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် တပ်မတော်စစ်သမိုင်းပြတိုက်သို့ လည်းကောင်း၊ ထိုမှ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်သို့လည်းကောင်း သွားရောက် ကြည့်ရှုလေ့လာကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ် မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေ နေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန် လိုအပ်သည့် ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၄ ခုနှစ် ဧပြီလအတွက်

၁၁–၄–၂၀၀၄ ရက်နေ့နှင့် ၂၅–၄–၂၀၀၄ ရက်နေ့

(၁၇)ကြိမ်မြောက် အာရှဖိတ်ခေါ် ပိုက်ကျော်ခြင်း ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် မြန်မာ့ လက်ရွေးစင် အမျိုးသား ပိုက်ကျော်ခြင်းအဖွဲ့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ရှိ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်း အားကစားရုံတွင် လေ့ကျင့်နေစဉ်။

(မြန်မာ့အလင်း)

မီး ကို ကြိုတင်ကာကွယ်မှုဖြင့် အနိုင်ယူပါ။

မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်

ရွှေဘိုသီရိမာလာ

တူးပို့...တူးပို့ ဟူသော သင်္ကြန်ဆိုင်းသံကြားလျှင် ကျွန်မ ရင်သည် တုန်ခါသွားသည်။ ပျော်ရွှင်သော နှစ်သစ်၏ တုန်ခါခြင်းပင်။ ဤဆိုင်းဖြင့် သင်္ကြန်တွင် ကခဲ့၊ ခုန်ခဲ့၊ ယိမ်းတိုက်ခဲ့သည်။

ဤသင်္ကြန်အတာသဘင်ပွဲကြောင့် ကျွန်မတို့မြန်မာများ လူတိုင်းကို အကအနုပညာ တတ်မြောက်ကြလေသည်လား မသိပေ။ သင်္ကြန်ပွဲတော်ကား မြန်မာလူမျိုးများ၏ နှစ်သစ်ကူးပွဲတော်ကြီးဖြစ်သကဲ့သို့ သင်္ကြန်ဟူသည်ကား သင်္ကန္တ ကူးပြောင်းခြင်းဟူသော အနက်အဓိပ္ပာယ်မှ သင်္ကန်၊ သင်္ကြန်ဟူ၍ ဖြစ်ပေါ်လာခြင်းဟူ၍ ဆိုသည်။ အချို့က သင်္ကြန်ဟူသောစကားသည် မြန်မာစကား မဟုတ်ဟု ရှေးပညာရှိများက ဆိုကြသည်။ ကျွန်မတို့သည် သင်္ကြန်ပေါင်း မြောက်မြားစွာကို ကြုံတွေ့ခဲ့ဖူးသလို နှစ်ပေါင်းများစွာ သင်္ကြန်ပွဲကို ကခုန်သီဆို၍ ရေပက်ကစား ဆင်နွှဲဖူးခဲ့ချေပြီ။

ဖြေဖျော်

၁၃၆၄ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု သင်္ကြန်ပွဲတွင် လှပျိုဖြူလေးများက ဤသို့ ဖြေဖျော်ခဲ့ကြသည်။

ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)

ထို့ကြောင့် မြန်မာနှင့်သင်္ကြန်၊ သင်္ကြန်နှင့်မြန်မာ ခွဲခြားမရချေ။ လူမျိုးတိုင်း...လူမျိုးတိုင်းတွင် နှစ်ဟောင်းကုန်၍ နှစ်သစ်သို့ကူးပြောင်းသော နှစ်သစ်ကူးပွဲတော်များ ရှိကြသည်။ သင်္ကြန်ပွဲတော်တွင် နှစ်ဟောင်းမှ အညစ်အကြေးများကို သင်္ကြန်ရေဖြင့် ဆေးကြောသန့်စင်ကာ နှစ်သစ်တွင် လူသစ်၊ စိတ်သစ်၊ ပျော်ရွှင်ခြင်းအသစ်ဖြင့် စတင်လိုသော ရည်ရွယ်ချက်ဖြင့် တစ်ဦးနှင့် တစ်ဦး မေတ္တာအတာရေလောင်းပက်၍ သပြေခက်ဖြင့် ရေကစားကြသည်။

နှစ်ဟောင်းတွင် ပေကျံခဲ့သော အညစ်အကြေးအဟောင်းများ၊ မကောင်းသော အတိတ်နိမိတ်များ၊ မကောင်းသော ကံကြမ္မာများ၊ စိတ်ထားများစသည် တို့ကို နှစ်သစ်ရေဖြင့်(ဝါ)အတာရေဖြင့် ဆေးကြောလိုက်ခြင်းသဘောသည် သင်္ကြန်နှင့်ပတ်သက်၍ အဓိကကျသော သဘောတစ်ခုဖြစ်ချေသည်။ ကျွန်မ၏ အဘွားသည် သင်္ကြန်မကျခင် တပေါင်းလကတည်းက မြေအိုးများ အလုံးလေးငါးဆယ် ဝယ်ထားသည်။ သက်ကြီးရွယ်အိုများ ရေကန်တော့ရန် ဖြစ်သည်။ ရေအိုးသစ်ထဲတွင် ရေအပြည့်ထည့်၍ အိုးပေါ်တွင် ပေါက်ပေါက်ဆုပ်၊ ဆီးဆုပ်၊ ဘိလပ်ရည်ပုလင်း၊ ကိတ်မုန့် စသည်များတင်၍ ကန်တော့စေသည်။

နောက်တစ်ခုက တာအိုးငယ်များဝယ်၍ သင်္ကြန်အကြိုနေ့တွင် သင်္ကြန်ကြိုပန်းများ ထည့်စိုက်ပြီး သင်္ကြန်ကြိုဆိုပါသည်။ သင်္ကြန်ကြိုပန်းများကို ကျွန်မတို့ အညာဈေးများတွင် အထူးစည်း၍ ရောင်းပါသည်။ ကျွန်မ မှတ်မိသလောက် သပြေပန်း၊ ဆပ်သွားဖူးနှင့် အခြားပန်းများပါ ပါသည်။

ဤသင်္ကြန်တွင် လူကြီးလူငယ်မရွေး ဓမ္မဂီတဖြင့် လင်းအားကြီး အရဏ်တော်အဖွဲ့များက စုပေါင်း၍ စေတီပုထိုးနှင့် ရုပ်ပွားတော်များကို ရေသပ္ပာယ်ကြသည်။ အချို့စေတီကို ထုံးဖြူသုတ်ပေးကြသည်။ ဘုရား၊ကျောင်း၊ကန်၊ဇရပ်များ သန့်ရှင်းရေးလုပ်ကြသည်။ သက်ကြီးရွယ်အို အဘိုးအဘွားတို့အား ကန်တော့ခြင်း၊ ခေါင်းလျှော်ပေးခြင်း၊ ခြေသည်းလက်သည်းများ လှီးဖြတ်ပေးခြင်း ကုသိုလ်ကောင်းမှု ပြုကြသည်။

ကျွန်မတို့မြို့တွင် ရေကြည်တော်ဝတ်အသင်းရှိ၍ အရုဏ်ဦးတွင် သင်္ကြန်ရက်များ၌ ရေကြည်တော်ကပ်လှူရှိရာ ဘုရားစဉ်လိုက်၍ ကပ်လှူရှိသည်။ လုံမပျိုများ အတာအိုးလေးရွက်၍ ရေအိုးထဲတွင် ရေမွှေးနံ့သာများထည့်ကာ ဇာပဝါများအုပ်ရွက်ပြီး ရွှေခြေကျင်းကိုယ်စီနှင့် လှလှပပဝတ်၍ သွားကြရသည်မှာ ပျော်စရာလည်းကောင်းသည်။ ဓမ္မတေးကလည်း မြူးမြူးကြွကြွရှိလှ၍ ရပ်ကွက်တိုင်းထွက်၍ ကြည့်ကြလေ့ရှိသည်။ သင်္ကြန်သည် မင်္ဂလာရှိသော ကာလဖြစ်သည်။ သင်္ကြန်နှင့်အတူ ပန်းပိတောက်ပင်လုံးကျွတ် ရွှေဝါရောင်ဖုံးကာ ပွင့်နေချေပြီ။ ပန်းပိတောက်ရနံ့ သင်းထုံနေသလို သရဖီကံ့ကော်များလည်း မွှေးပျံ့နေချေပြီ။

သင်္ကြန်ပွဲတော်၏ လှုပ်ရှားမှုကိုမြင်နေရသည်။ ကျွန်မတို့မြန်မာနိုင်ငံတွင် ရိုးရာပွဲတော်များရှိသည်။ ဤရိုးရာ ပွဲတော်များအနက် နှစ်သစ်ကူးသင်္ကြန်ပွဲတော်သည် ထူးထူးခြားခြား ပျော်ရွှင်ဖွယ်ကောင်းသော ပွဲတော်ဖြစ်သည်။

သင်္ကြန်ပွဲတော်ကျင်းပချိန်ဖြစ်သော တန်ခူးလသည် မိဿရာသီဖြစ်၍ နွေဥတုဖြစ်သည်။ သို့ဖြစ်၍ သင်္ကြန်ပွဲတော်တွင် ရေပက်ကစားခြင်းသည် ပူပြင်းသောနွေတွင် ပူအိုက်နွမ်းနယ်နေသူများအား အေးမြလန်းဆန်းစေပေရာ ကာလနှင့်အချိန် ကိုက်ညီနေပါသည်။ သင်္ကြန်ပွဲတော်သည် ရိုးရာယဉ်ကျေးမှု အစဉ်အလာကိုထိန်းသိမ်းရမည့် ပွဲတော်ဖြစ်သည်။ ထို့ကြောင့် မြန်မာ့ယဉ်ကျေးမှုနှင့် ဆန့်ကျင်သော လုံမပျိုလေးများအား ရေပိုက်နှင့်ထိုးပက်ခြင်း၊ ညစ်ညမ်းသောစကားကိုသုံးခြင်း၊ မူးယစ်သောက်စားခြင်း၊ ရမ်းကားခြင်းများကို ရှောင်ရှားကြရပေမည်။

မြန်မာတို့၏ပျော်စရာကောင်းသော နေ့ရက်များကို ညွှန်ပြပါဟုဆိုလျှင် သင်္ကြန်ရက်များကို ညွှန်ပြရပါမည်။ သင်္ကြန်ပွဲတွင် ယိမ်းများ၊ အကများ၊ သီချင်းများ၊ ရေယာဉ်အလှများ၊ အိုးစည်ဒိုးပတ်များ၊ မဏ္ဍပ်များကိုလည်း ဆုချီးမြှင့်ကြသည်။ နိုင်ငံတော်ကလည်း မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်ကို အားပေးသည်။

သင်္ကြန်တွင် နာမည်ကြီးသော မန္တလေးမြို့တွင် သင်္ကြန်အတက်နေ့ည၌ ညလုံးပေါက် သီဆိုကပြကြသည်။ နောက်နေ့ နှစ်ဆန်းတစ်ရက်နေ့မှသာ ပွဲသိမ်းသည်။ ကျွန်မတို့သည် ကုန်ဆုံးမည့် သင်္ကြန်ရက် နှမြောတသ ကြသည်။ နှစ်ဆန်းတစ်ရက်နေ့တွင် လမ်းထိပ်များတွင် အန္တရာယ်ကင်းပရိတ်ကို သံဃာတော်များပင့်ဖိတ်၍ ရွတ်စေပါသည်။ သင်္ကြန်ဟူသော သင်္ကန္တသည် ပါဠိစကား မှလာသောစကားဖြစ်သည်။ကူးပြောင်းခြင်း၊ တစ်နေရာမှတစ်နေရာရောက်ရှိခြင်းဟူ၍လည်း အနက်ရသည်။ သင်္ကြန်တွင် လူကြီးသူမများက ဥပုသ်သီလ ဆောက်တည်ခြင်း စတုဒိသာကျွေးခြင်း၊ မုန့်ဖက်ထုပ်၊ မုန့်လက်ဆောင်း၊ မုန့်လုံးရေပေါ်၊ ရွှေရင်အေး၊ မုန့်ဆီကြော်များ လုပ်ကိုင်၍ တစ်အိမ်နှင့်တစ်အိမ် ပေးကမ်းလှူဒါန်းခြင်း ပြုလုပ်ကြသည်။ အိုးစည်ဒိုးပတ်ဝိုင်းများ၊ အကများ၊ တေးသီချင်းများဖြင့် ပျော်မြူး၍ ရိုးရာယဉ်ကျေးမှုကို ဖော်ဆောင်ကြသည်။ သင်္ကြန်ပွဲတော်တွင် တိုင်းရင်းသားများသာမက နိုင်ငံခြားဧည့်သည်တော်များပါ ပျော်ရွှင်စွာ နှစ်သက် ပါဝင်ဆင်နွှဲကြသည်။

ကပြဖြေဖျော်

၁၃၆၄ခုနှစ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု သင်္ကြန်ပွဲတွင် တိုင်းရင်းသူလေးများ ဤသို့ပါဝင်ဆင်နွှဲခဲ့ကြသည်။

ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)

ပန်းရွှေဖီကြိုင်လှောက်လို့ ပိတောက်ကယ်သင်းချို ဟူသော တပေါင်းလဘွဲ့အရ သရဖီနှင့်ပိတောက်သည် တပေါင်းလ၏အထိမ်းအမှတ်အဖြစ် ရှေးစာဆိုအချို့က ဖွဲ့ဆိုထားပေသည်။ သို့သော်အများအားဖြင့် တန်ခူးလသည် ပိတောက်ပန်း၊ သင်္ကြန်ပန်းသည်လည်း ပိတောက်ဖြစ်၍ မောင်က မယ့်ကိုကမ်းသော ပန်းသည် ပိတောက်ပန်းဖြစ်သည်။

ပန်းဝါသနာများအသင်းတွင် အမျိုးသားပန်းအဖြစ် ပန်းကိုရွေးကြရာတွင် ပိတောက်ပန်းကို အမျိုးသားပန်းအဖြစ် ရွေးကြသည်။ ပိတောက်ပန်းသည် သင်္ကြန်နှင့်သော်လည်းကောင်း၊ တန်ခူးနှင့်သော်လည်းကောင်း ခွဲခြားမရပေ။

ရှေးစာဆိုများက **တစ်နှစ်တွင် သည်တစ်လ၊ တစ်လတွင် သည်တစ်ရက် ထဲသာ ပွင့်ရှာကြ ရက်ဗုဒ္ဓါ** ဟူ၍တင်စားကြသည်။ အထူးသဖြင့် နတ်သျှင်နောင်၏ကဗျာများသည် ပိတောက်ပန်း၏ ဂုဏ်သတင်း ပို၍တောက်ပြောင်လာပေသည်။

မည်သို့ဖြစ်စေ သင်္ကြန်ပွဲတော်သည် ထူးခြားသော မြန်မာ့ရိုးရာအမျိုးသား ယဉ်ကျေးမှုနှစ်သစ်ကူးပွဲတော်ဖြစ်သလို ခေတ်အဆက်ဆက် မြန်မာစာဆိုသည် ဤမြူးမြူးကြွကြွသင်္ကြန်အလှကို စာဖွဲ့ကြပေသည်။ ယခုနှစ်လည်း ပိတောက်ပန်းနှင့်အတူ ရိုးရာသင်္ကြန်ပွဲတော်တွင် ကောင်းမှုကုသိုလ်အလှူဒါနများနှင့်အတူ ကြည်နူးသာယာ ပျော်ရွှင်သော သင်္ကြန်ပွဲတစ်ရပ်အဖြစ် မင်္ဂလာပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဆန္ဒပြုလိုက်ရပါသည်။ ။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းကြီးမှူး၍ ဆေးလိပ်အန္တရာယ်အသိတရားမြင့်မားရေး စီမံချက် မြို့နယ်အဆင့် ရှင်းလင်းပွဲကို မှော်ဘီမြို့နယ် ပြည်သူ့ဆေးရုံတွင် ဧပြီ၅ရက်က ကျင်းပရာ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဒေါ်ညိုညိုကြိုင်က ဆေးလိပ်အန္တရာယ်အကြောင်း ရှင်းလင်းပြောကြားစဉ်။ (က-ပ)

စလင်းမြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲ အခမ်းအနားကို ဧီးဖြူပင်ရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ဧပြီ ၁ရက်က ကျင်းပရာ နိုင်ငံသား အရည်အချင်းပြည့်မီသူ ၁၅၀ အတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မြို့နယ်ဦးစီးဌာနမှူး ဦးအောင်တင်ထွန်းက ကျေးရွာဥက္ကဋ္ဌ ဦးမိုးထံ ပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

ဆက်ကပ်လှူဒါန်း

မော်လမြိုင်မြို့ ဆင်ဖြူပရိယတ္တိစာသင်တိုက်မှ မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆင်ဖြူကျောင်းဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တခေမာစာရ(ဒွိပိဋကဓရ) ဆရာတော်အား ထပ်ဆင့်ပူဇော်ပွဲ အခမ်းအနားကို မတ် ၂၁ ရက်က မော်လမြိုင်မြို့ ဆင်ဖြူပရိယတ္တိစာသင်တိုက်၌ ကျင်းပရာ ကျင်းပရေးအဖွဲ့ဥက္ကဋ္ဌဦးကြင်စိန်နှင့် တာဝန်ရှိသူများက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ဘဒ္ဒန္တခေမာစာရ (ဒွိပိဋကဓရ)နှင့် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (မြို့နယ်ပြန်/ဆက်)

(၅၉)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြု အလှူရှင်စက်ရေတွင်းများဖွင့်လှစ်

ရမည်းသင်း ဧပြီ ၂

(၅၉)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရမည်းသင်းမြို့နယ် ဆတ္တိုးကြီးကျေးရွာအုပ်စု ဆတ္တိုးပေါက်ကျေးရွာနှင့် ညောင်ပင်သာကြီးကျေးရွာများတွင် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ထည့်ဝင်လှူဒါန်းငွေဖြင့် တူးဖော်ခဲ့သည့် နှစ်လက်မစက်ရေတွင်း ဖွင့်ပွဲကို အဆိုပါကျေးရွာများ၌ မတ် ၂၇ ရက် နံနက်ပိုင်းက ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားများကို နံနက် ၈ နာရီက ဆတ္တိုးပေါက်ကျေးရွာ၌ လည်းကောင်း၊ နံနက် ၁၀ နာရီက ညောင်ပင်သာကြီးကျေးရွာ၌ လည်းကောင်း ကျင်းပရာ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မီးသတ်၊ ကြက်ခြေနီ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာ အမှုဆောင်များ၊ ကျေးလက်ပြည်သူများ တက်ရောက်ကြပြီး မြို့နယ်အတွင်းရေးမှူး ဦးစန်းမောင်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးစောနောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဆိုပါ စက်ရေတွင်းများက တစ်နာရီ ဂါလန် ၂၄၀၀ ထွက်ရှိကာ ကျေးလက်ပြည်သူများ လုံလောက်စွာ သောက်သုံးနိုင်ကြပြီဖြစ်ကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

မန္တလေးတိုင်း မိတ္ထီလာခရိုင် မလှိုင်မြို့ ဘိုးဘွားရိပ်သာ နှစ်ပတ်လည် အစည်းအဝေးကို ဧပြီ ၂ ရက်နံနက်က ဘိုးဘွားရိပ်သာ ဓမ္မာရုံ၌ ကျင်းပရာ ဘိုးဘွားရိပ်သာ ကြီးကြပ်မှုကော်မတီ နာယက သီဟသုဓမ္မသိင်္ဂီ အမေဒေါ်သန်းသန်းက အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။

(က-ပ)

(၅၉)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု မြို့တွင်းကတ္တရာလမ်းများဖွင့်ပွဲကျင်းပ

တောင်ကြီး ဧပြီ ၉

တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မြို့ပြ လုပ်ငန်းမှ စည်ပင်နှင့်ပြည်သူ ပူးပေါင်းဆောင်ရွက်ခဲ့သော လမ်းအရှည် ၂၀၇၇ ပေ၊ အကျယ် ၁၂ ပေရှိ မြို့တွင်းကတ္တရာလမ်းသစ်ငါးလမ်းကို မတ် ၂၆ရက်က ဖွင့်လှစ်ခဲ့သည်။

မြို့တွင်းကတ္တရာလမ်းသစ် ငါးလမ်းအနက် မင်္ဂလာဦးရပ်ကွက်၊ ဇောတိက (၁) လမ်းနှင့် (၃) လမ်း ဖွင့်ပွဲကို မတ် ၂၆ ရက် နံနက်၉ နာရီတွင်ဇောတိက (၃) လမ်းထိပ် မုခ်ဦး၌ လည်းကောင်း၊ကန်အောက်ရပ်ကွက်နှင်းဆီလမ်း၊ ရွှေကျေးလမ်း၊ ဇီဇဝါလမ်း ဖွင့်ပွဲကို နံနက် ၁၀ နာရီတွင် နှင်းဆီလမ်းထိပ်မုခ်ဦး၌ လည်းကောင်း ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် တပ်မတော်အရာရှိများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်ပြည်သူများနှင့် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုစုပေါင်းအင်အား ၅၀၀၀ ခန့် တက်ရောက်ကြသည်။ အဆိုပါ မြို့တွင်းလမ်းမှာ ၂၀၀၃-၂၀၀၄ ခု ဘဏ္ဍာရေးနှစ်တွင် အရှည် ၂၀၇၇ ပေ၊ လမ်းအကျယ် ၁၂ ပေ ဖောက်လုပ်ခဲ့ပြီး တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကျပ် ၂၉၂၈၇၅၀၊ ရပ်ကွက်ပြည်သူက ထည့်ဝင်ငွေမှ ကျပ် ၄၉၅၀၀၀၀ ဖြင့်လည်းကောင်း စုစုပေါင်း ကျပ် ၇၈၇၈၇၅၀ ကုန်ကျဆောင်ရွက်ခဲ့သည်။ (မြို့နယ်စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

မကွေးမြို့နယ်ရွာသစ်(ပဋ္ဌနဂိုရ်)ကျေးရွာ အလှူရှင်စက်ရေတွင်းသစ်ဖွင့်ပွဲကျင်းပ

မကွေး ဧပြီ ၃

(၅၉) နှစ်မြောက် တပ်မတော်နေ့ကိုဂုဏ်ပြုသောအားဖြင့် မတ် ၂၇ ရက် နံနက် ၉ နာရီက မကွေးမြို့နယ် ရွာသစ် (ပဋ္ဌနဂိုရ်)ကျေးရွာ၌ အလှူရှင် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်နှင့် မိသားစုမှ လှူဒါန်းသည့် အလှူရှင် စက်ရေတွင်းသစ် ဖွင့်ပွဲကို မတ် ၂၇ ရက်က ကျင်းပရာ မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးဇော်ဝင်းနှင့် မကွေးတိုင်း မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်း ဒုတိယ အထွေထွေမန်နေဂျာ ဦးသွင်လင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အဆိုပါရွာသစ် (ပဋ္ဌနဂိုရ်) ကျေးရွာ အလှူရှင်စက်ရေတွင်းသစ်မှာ တွင်းအရွယ်အစား နှစ်လက်မ၊ တွင်းအနက် ပေ၄၀၀ ရှိပြီး တစ်နာရီ ရေထွက်နှုန်း ဂါလန် ၈၅၀ နှင့် အလှူရှင်က ငွေကျပ် ၅၀၀၀၀၀၊ နိုင်ငံတော်က ကျပ် ၃၀၀၀၀၀၊ စည်ပင်သာယာရေး ဘဏ်က ကျပ်၅၅၀၀၀ စုစုပေါင်းကုန် ကငွေကျပ် ၈၅၅၀၀၀ဖြင့်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ရွာသစ်(ပဋ္ဌနဂိုရ်)ကျေးရွာ အလှူ ရှင်စက်ရေတွင်းသစ် ဖွင့်လှစ်ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက်ကျေးရွာနေ ရွာသူရွာသားများ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကျေးရွာချင်း ဆက်မြေသားလမ်း ဖွင့်ပွဲကို မတ် ၂၇ ရက်တွင် ပုလော မြို့နယ်တောင်ယာကမ်း ကျေးရွာ၌ ကျင်းပရာ မြို့နယ် စည်ပင်သာယာရေး အဖွဲ့အမှုဆောင် အရာရှိ ဦးအောင်လွင်နှင့် ကျေးရွာ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးချစ်သန်းတို့က ကျေးရွာချင်းဆက်လမ်းကိုဖွင့်လှစ်ပေးကြစဉ်။(မြို့နယ်/စည်ပင်)

ညောင်တုန်းမြို့နယ်ကုန်းဝဲဒေါင့်ကျေးရွာ အမကကျောင်းဆောင်သစ်ဖွင့်

ညောင်တုန်း ဧပြီ ၅

ညောင်တုန်းမြို့နယ် ကုန်းဝဲဒေါင့် အမကကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ယင်းကျောင်းတွင် မတ် ၂၈ရက်က ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးစိုးဝင်းသန်း၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတွဲဖက်အတွင်းရေးမှူးဦးအောင်သိန်းထွန်း၊ ဝဲဒေါင့်ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးမြတ်စိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။**(အောက်ပုံ)**

ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်ပညာရေးမှူး၊မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူးနှင့် ပညာရေးနယ်မြေ(၁) အဖွဲ့ခေါင်းဆောင် အထက(၁) ကျောင်းအုပ်ဆရာကြီး ဦးဖိုးလစ်သောင်းရွှေတို့က အမှာစကားများ ပြောကြားကြပြီး ကုန်းဝဲဒေါင့် အမက ကျောင်းအုပ်ဆရာကြီး ဦးအေးချစ် က ကျောင်းဆောင်သစ်ကို မြို့နယ်ပညာရေးမှူးထံ လွှဲပြောင်းပေးအပ်သည်။

အဆိုပါကျောင်းဆောင်သစ်သည် နိုင်ငံတော်အစိုးရက ၁၂သိန်း၊ ပြည်သူလူထု လှူဒါန်းငွေကျပ် သိန်း ၃၀ စုစုပေါင်း ၄၂ သိန်းကျော် အကုန်အကျခံ တည် ဆောက်ခဲ့သော ကျောင်းဆောင်သစ်ဖြစ်ကြောင်း သိရသည်။ **(ဝ၉၈)**

လုပ်ငန်းဆိုင်ရာထပ်ဆင့်ရှင်းလင်း

ညောင်ဦး ဧပြီ ၅

ညောင်ဦးခရိုင်အမျိုးသမီးရေးရာအဖွဲ့၏ ပြည်နယ်၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့ ကိုယ်စားလှယ်များ စုံညီ အစည်းအဝေးမှ လုပ်ငန်းဆိုင်ရာ ရှင်းလင်းချက်များ ထပ်ဆင့် ရှင်းလင်းပွဲ အခမ်းအနားကို ဧပြီ ၂ရက် မွန်းလွဲ ၂ နာရီက ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ညောင်ဦးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တေဇနှင့် ဇနီး ဒေါ်အေးအေး၊ ခရိုင် မြို့နယ်အမျိုးသမီးရေးရာအမှုဆောင်များနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အမှာစကား

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတေဇက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်မြင့်က အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ၏ အမှာစကားကိုဖတ်ကြားသည်။ဆက်လက်၍ ညောင်ဦးခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်သန်းက အမျိုးသမီးရေးရာ အဖွဲ့ချုပ်၏အခြေခံစည်းမျဉ်း၊ ရည်ရွယ်ချက်၊ ဖွဲ့စည်းပုံလုပ်ငန်းအဖွဲ့များ၏ တာဝန်ဝတ္တရားများနှင့် အခြေခံမှုများကို ထပ်ဆင့်ရှင်းလင်းခဲ့ကြောင်းသိရသည်။ **(ခရိုင်ပြန်/ဆက်)**

မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်

ကောလင်း မတ် ၂၂

ကောလင်းမြို့ မြို့နယ်စည်ပင်သာယာဈေး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ် မီးသတ်ဦးစီးဌာနတို့ ပူးပေါင်းပြီး ဖေဖော်ဝါရီ ၂၂ ရက် မွန်းလွဲ ၁ နာရီက စည်ပင်သာယာဈေးသစ်ကြီး၌ မီးငြိမ်းသတ်ရေး သရုပ်ပြ လေ့ကျင့်ဆောင်ရွက်ကြသည်။ (ဝ၂၆)

မတ် ၃၁ ရက်က သန်လျင်အထက(၁) အခြေခံပညာအထက်တန်းနှင့်အလယ်တန်းဆင့် သင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်ပွဲကို ပတ္တမြားခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်ကြိုင်က သင်ယူပြီးမြောက်ခြင်း လက်မှတ် ပေးအပ်စဉ်။

(က-ပ)

တပ်မတော်နေ့ဂုဏ်ပြု စုပေါင်းသန့်ရှင်းရေး မင်းဘူး၌ဆောင်ရွက်

မင်းဘူး မတ် ၂၈

မင်းဘူးမြို့ ခရိုင်ပြည်သူ့ဆေးရုံအတွင်း မတ်၂၇ရက်က(၅၉)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ဆေးရုံဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအသင်းဝင်များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ဦးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်အောင်တို့က ကြီးကြပ် ဆောင်ရွက်ခဲ့ကြသည်။ **(အောက်ပုံ)**

(မြို့နယ်စည်ပင်)

တကောင်းမြို့ ရှေးဟောင်းလေးမျက်နှာဘုရားကြီး ပြန်လည်ပြုပြင်တည်ဆောက်ရာတွင် ကုသိုလ်ယူ ပါဝင်လှူဒါန်းနိုင်

အေဒီ(၁၁)ရာစု အနော်ရထာမင်းကြီး ကောင်းမှုတော်ဖြစ်သော လေးမျက်နှာဘုရားကြီးသည် ငလျင်ဒဏ်၊ ရာသီဥတုဒဏ်တို့ကြောင့် ပြိုကျပျက်စီးခဲ့ရပြီး နှစ်ပေါင်းများစွာ တောချုံများ အုပ်ဖုံးလျက် အုတ်ကုန်းကြီးဘဝ ရောက်ခဲ့ရသည်ကို ယဉ်ကျေးမှုဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် တကောင်းမြို့ဟောင်းတွင် ပြန်လည်ပြုပြင်တည်ဆောက်ပါမည်။ စေတနာရှင် ကုသိုလ်ရှင်များ သဒ္ဓါတရားထက်သန်စွာဖြင့် ကုသိုလ်ယူ ပါဝင်လှူဒါန်းနိုင်ပါသည်။



အုတ်တစ်ချပ် (၁၂"x၉"x၃")	- ၄ဝိ/-
ဘိလပ်မြေတစ်အိတ်	- ၄၀၀ဝိ/-
သဲတစ်ကျင်း	- ၆၀၀ဝိ/-
မြစ်ကျောက်(အသေး)တစ်ကျင်း	- ၂၀၀၀ဝိ/-
ထုံး (တစ်အိတ်)	- ၁၀၀ဝိ/-
သဲကျောက်ပြားတစ်ချပ် (၁၂"x၁၂")	- ၅၀ဝိ/-

ယဉ်ကျေးမှုဝန်ကြီးဌာန	(ဝန်ကြီးရုံး)	ဖုန်း-၅၄၃၂၃၅၊ ၅၄၃၂၃၃
ရှေးဟောင်းသုတေသနဦးစီးဌာန	(ရုံးချုပ်)	ဖုန်း-၅၁၂၁၄၀၊ ၅၁၂၁၃၉
ယဉ်ကျေးမှုအမွေအနှစ်ဒေသဌာနခွဲ	(မန္တလေး)	ဖုန်း ၀၂-၃၆၃၆၅၊ ၀၂-၃၉၁၅၆

တကောင်းမြို့ လေးမျက်နှာဘုရား ဂေါပကအဖွဲ့ရုံး။

တုန်ခန်-မန်မော ကျောက်ချောလမ်း ဖောက်လုပ်ပြီးစီး

မူဆယ် ဧပြီ ၅

စည်ပင်သာယာရေး ဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယအင်ဂျင်နီယာချုပ် ဦးခင်လတ်နှင့်အဖွဲ့သည် အမှုဆောင်အရာရှိ ဦးစိုးရန်နိုင်၊ တာဝန်ခံအင်ဂျင်နီယာတို့နှင့်အတူ မတ် ၂၉ရက်တွင် မူဆယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၃-၂၀၀၄ခု ဘဏ္ဍာရေးနှစ်တွင် ဖောက်လုပ်ပြီးစီးခဲ့သည့် တုန်ခန်-မန်မော ကျေးလက် ကျောက်ချောလမ်းသို့ သွားရောက်ခဲ့ပြီး လမ်းအရည်အသွေးပြည့်မီမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးသည်။ ကျောက်ချောလမ်းသစ်မှာ အရှည် ၀ ဒသမ ၇၅ မိုင်၊ အကျယ် ၁၂ ပေရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ရန်ပုံငွေကျပ် ၄၈၇၀၀၀၀ ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၁၀

စည်ပင်သာယာရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွန့်နှင့်အဖွဲ့သည် ဧပြီ ၂ ရက် နံနက်ပိုင်းက ပြင်ဦးလွင်မြို့သို့ရောက်ရှိပြီး ပဒေသာကွက်သစ်မှ သပြေရေကျေးရွာသို့ ဆက်သွယ်သည့် လမ်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မိုးကြိုးပစ်စံပြကျေးရွာသို့ရောက်ရှိပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို လည်းကောင်း၊ ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ထားသည့် ထောက်ပို့ ပန်းခြံအတွင်းရှိ ခရိုင်နှင့် မြို့နယ် ပျိုးဥယျာဉ်များ၌ စိုက်ပျိုးထားသော ပန်းအလှပင်၊ အရိပ်ရအပင်များ စိုက်ပျိုးထားရှိမှုများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တံတားဖြတ်သန်းခ လေလံကြော်ငြာ

၁။ ပဲခူးတိုင်းအတွင်းရှိ အောက်ဖော်ပြပါ တံတားများအား ၂၀၀၄ခုနှစ် ဧပြီလ ၂၂ရက် (၀၉:၀၀)နာရီအချိန် ပဲခူးမြို့ ဥဿာမြို့သစ် သီရိဥဿာခန်းမတွင် ဈေးပြိုင်စံနစ်ဖြင့် လေလံတင်ရောင်းချသွားမည် ဖြစ်ပါသည်။

(က) နဝဒေးတံတား	(စ) ကျွန်းကလေးတံတား
(ခ) ခပေါင်းတံတား	(ဆ) ရဲနွယ်တံတား
(ဂ) ကောလိယတံတား	(ဇ) သူရဲတန်းတံတား
(ဃ) ကွင်းချောင်းတံတား	(ဈ) စစ်တောင်းတံတား (ရွှေကျင်)
(င) ဖြူးချောင်းတံတား	

၂။ စိတ်ပါဝင်စားသူများ လေလံနှင့်ပတ်သက်၍ လေလံစည်းကမ်းချက်အသေးစိတ်အား ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး တောင်ငူမြို့နှင့် ပဲခူးမြို့တို့တွင် ကြည့်ရှုနိုင်ကြောင်း ကြေညာအပ်ပါသည်။

တံတားဖြတ်သန်းခ လေလံရောင်းချရေးကော်မတီ။

ပြည်ထောင်စုမြန်မာနိုင်ငံတော် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့ ချိပ်ပိတ်ဈေးနှုန်းလွှာ ခေါ်ယူခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ လုပ်ငန်းသုံးအတွက် လမ်းခင်းကတ္တရာ တန် ၂၀၀၀ ကို ပုံးဖြင့်ဖြစ်စေ၊ 3-Ply Poly bag ဖြင့်ဖြစ်စေ ကော်မတီ၏ သိုလှောင်ရုံများအရောက် ကျပ်ငွေဖြင့်ဝယ်ယူရန် ချိပ်ပိတ်ဈေးနှုန်းလွှာများ ဖိတ်ခေါ်ပါသည်။

ဈေးနှုန်းလွှာပိတ်ရက်မှာ ၂၂-၄-၂၀၀၄ ရက် (၁၆:၀၀) နာရီဖြစ်ပြီး ဈေးနှုန်းတင်သွင်းလွှာ ပုံစံတစ်စုံလျှင် ကျပ် ၅၀၀ (ကျပ်ငါးရာတိတိ)နှုန်းဖြင့် ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။

အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်-၂၈၂၅၃၄၊ ၂၄၈၁၁၂ လိုင်းခွဲ (၂၃၅) တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ
ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့။

ချိပ်ပိတ်တင်ဒါ ခေါ်ယူခြင်း

၁။ အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ မီးခြစ်စက်ရုံအတွက် အောက်ပါပစ္စည်းအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုကြောင်း ကြော်ငြာအပ်ပါသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
1.	duplex Paper (White)	55 MT

၂။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၀-၄-၂၀၀၄ မွန်းတည့်၁၂:၀၀ နာရီ
၃။ သိရှိလိုသည့်အချက်များရှိပါက ရောင်းဝယ်ရေးဌာန၊ ဖုန်းနံပါတ်-၅၄၃၃၆၅ သို့ ဆက်သွယ်နိုင်ပါသည်။

မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း



အမည်ပြောင်း

ဦးကျော်ဖေ၏သမီး တောင်ကြီးမြို့ အထက (၅) နဝမတန်း(ခ)မှ နန်းကေဇင်ကျော်အား နန်းခမ်းလူးဟွမ်ဟု ပြောင်းလဲခေါ်ပါရန်။

နန်းခမ်းလူးဟွမ်



ကန့်ကွက်နိုင်ပါသည်

မော်တော်ယာဉ်အမှတ် ယ/၁၀၅၂၈ (ဟွန်ဒါ)တက/၁၇၉၈(ဟွန်ဒါဒရင်း) တက/၁၀၇၈ လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ ၁၅ရက်အတွင်း ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညနရုံး၊တောင်ကြီး။

အယူတော်ခံမှုဆိုင်ရာ ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ကြားသိစေသည့် အကြောင်းကြားစာ

(တရားမကျင့်ထုံး ကိုခဉပဒေအမိန့် ၄၁၊ နည်းဉပဒေ ၁၄)

မွန်ပြည်နယ်တရားရုံး - မော်လမြိုင်မြို့၊

၂၀၀၄ ခုနှစ်၊ တရားမအယူခံမှုအမှတ် - ၅

ဦးမျိုးဆွေသိန်း (၎င်း၏တရားဝင်ကိုယ်စားလှယ်- ဦးဘန်ထိန်)	**နှင့်**	၁။ ဒေါ်ကြည်ကြည်သော် ၂။ ဦးအောင်ငွေ ၃။ ဦးရဲထွဋ်
အယူခံတရားလို		**အယူခံတရားပြိုင်**

၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့စွဲပါ မော်လမြိုင်ခရိုင် တရားရုံး၊ တရားမကြီးမှုအမှတ်-၅၆/၂၀၀၁ ကို အယူခံမှု အယူခံတရားပြိုင် (၁) ဒေါ်ကြည်ကြည်သော်၊ (၂) ဦးအောင်ငွေ၊ (၃) ဦးရဲထွဋ်၊ အမှတ် ၁၄ (၇/က)ရှမ်းကုန်းလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်း ယခင်လိပ်စာ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

ယခုအမှုတွင် မော်လမြိုင်ခရိုင်တရားရုံးက ချပေးသည့် ဒီကရီတင်သွင်း၍၊ အယူခံမှုကို ၂၀၀၄ ခုနှစ်၊ ဧပြီလ ၃၀ ရက် (၁၃၆၆ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်) နေ့တွင် ဆိုင်ရန် ဤရုံးတော်ကချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤအယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် အခြားဥပဒေအရ ခွင့်ပြုထားသူကိုယ်စားလှယ်ဖြစ်စေ၊ မလာရောက်ရှိခဲ့လျှင် ၎င်းအမှုကို သင်မရှိသည့်အခါ တစ်ဖက်သတ်ပြုလုပ် စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့အပြင် သင်ကအယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီအမိန့် ၁၄ နည်းဥပဒေ ၂၂ အရ၊ ကန့်ကွက်လိုလျှင် အမိန့် ၁ နည်းဥပဒေ ၂၂ အရ ချိန်းဆိုထားသည့်အချိန်အတွင်း ဤကဲ့သို့ သင်ကကန့်ကွက်လိုကြောင်း၊ ဤအယူခံရုံးတော်၌ အကြောင်းကြား အစီရင်ခံတင်သွင်းရမည်။

၂၀၀၄ ခုနှစ် ဧပြီလ ၇ ရက်နေ့ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ကျော်ညွန့်
ပြည်နယ်တရားသူကြီး
မွန်ပြည်နယ်၊ တရားရုံး၊ မော်လမြိုင်မြို့။

ဒေါ်မိုးမိုးကြည်(နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၁၂/ဗဟန(နိုင်)၀၀၁၁၀၀) သိစေရန် အိမ်ရှင်၊အိမ်ငှားပြတ်စဲကြောင်းကြေညာခြင်း

၁။ ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အလံပြဘုရားလမ်းနေ ဦးခင်မောင်လင်း (အမ်ကေအင်န်-၀၀၀၃၂၂)နှင့် ဒေါ်ခင်အေးချို (အိုင်အက်စ်အင်န်-၅၆၂၂၁၇) တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-

၂။ ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ (၅) ရပ်ကွက်၊ ရွှေနှင်းဆီလမ်းသွယ် (၆)၊ အမှတ် (၅၇/ဘီ) ဟုခေါ်တွင်သောမြေနှင့်မြေပေါ်ရှိ အဆောက်အအုံကို ဒေါ်မိုးမိုးကြည်အား ၁-၁၀-၂၀၀၃ မှ ၁-၁၀-၂၀၀၄ အထိ နေအိမ် အဆောက်အအုံ ငှားရမ်းခြင်းကတိစာချုပ်ဖြင့် ငှားရမ်းခဲ့ပါသည်။

၃။ ဒေါ်မိုးမိုးကြည်သည် ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလထဲတွင် အိမ်ရှင်အား တစ်စုံတစ်ရာအသိပေး အကြောင်းကြားခြင်းမရှိဘဲ မိမိသဘောအလျှောက် ငှားရမ်းသည့်ဥပစာကိုစွန့်လွှတ်၍ ထွက်ခွာသွားခဲ့ပါသည်။ တယ်လီဖုန်းအခွန်အခ၊ မီတာအခွန်အခများကိုလည်း ပေးဆောင်ခြင်းမရှိပါ။ ယနေ့အထိ တစ်စုံတစ်ရာကြားသိရခြင်းမရှိပါ။

သို့ပါ၍ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ဒေါ်မိုးမိုးကြည်သည် လူကိုယ်တိုင် လာရောက်ဆက်သွယ် ရှင်းလင်းစေလိုပါသည်။ ပျက်ကွက်ပါက အိမ်ရှင်ဦးခင်မောင်လင်း၊ ဒေါ်ခင်အေးချိုတို့နှင့် အိမ်ငှား ဒေါ်မိုးမိုးကြည်တို့ အိမ်ရှင်-အိမ်ငှား ဆက်သွယ်မှုပြတ်စဲကြောင်း ကြေညာအပ်ပါသည်။

အိမ်ရှင်ဦးခင်မောင်လင်းနှင့် ဒေါ်ခင်အေးချိုတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးစိုးဝင်း
တရားရုံးချုပ်ရှေ့နေ
အမှတ် ၅၆၁၊ အခန်း ၁၀၁
ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ် ရန်ကုန်မြို့။



ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(အဆောက်အအုံ)

ကြေညာချက်

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်းရှိ အောက်ဖော်ပြပါ အဆောက်အအုံများအား အန္တရာယ်ရှိ အဆောက်အအုံများ စစ်ဆေးရေးအဖွဲ့မှ စစ်ဆေးပြီး အန္တရာယ်ရှိ အဆောက်အအုံများအဖြစ် သတ်မှတ်ပါသည်-

(က) အမှတ် (၂၆)၊ နေကြာလမ်း၊ ပုဇွန်တောင်မြို့နယ်

(ခ) အမှတ် (၂၆)၊ ၄၂ လမ်း၊ ဗိုလ်တထောင်မြို့နယ်

၂။ အထက်ပါ အန္တရာယ်ရှိ အဆောက်အအုံများအား ဖြိုဖျက်၍ အသစ်ပြန်လည်ဆောက်လုပ်ရန် စီစဉ်လျက်ရှိပါ၍ မြေပိုင်ဆိုင်မှုရှိသူများသည် (မြေပိုင်ဆိုင်မှုအထောက်အထားများ မူရင်းတစ်စုံ၊ မိတ္တူ နှစ်စုံတို့ဖြင့် လည်းကောင်း)၊ မြေပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများသည် ကန့်ကွက်ရသည့်အကြောင်းကို ခိုင်မာသည့် အထောက်အထားများနှင့် လည်းကောင်း၊ ရန်ကုန် မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(အဆောက်အအုံ)သို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁) လပြည့်သည့်နေ့ နောက်ဆုံးထား၍ လာရောက်ဆက်သွယ်ပေးပို့ကြပါရန် ကြေညာအပ်ပါသည်။

ဌာနမှူး
အင်ဂျင်နီယာဌာန(အဆောက်အအုံ)





ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ နိုင်ငံကူးလက်မှတ် အမှတ် ၁၈၄၈၈၂ မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါ ဖုန်းနံပါတ်သို့ ဆက်သွယ်ပေးပါရန်။

ကိုမြတ်ဇော်ဇော် (ဖုန်း-၂၂၆၃၂၆)

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ကိုသိန်းဇော် ၈/ရစက (နိုင်) ၀၃၀၀၈၆ ၏ ပထမတန်း စက်ခန်းအုပ် လက်မှတ် အမှတ် စမပ-၁၈/၉၃ မူရင်းသည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကပြန်လည်ပေးပို့ပါ။

ကိုသိန်းဇော် (ဖုန်း-၅၉၀၅၂၆)

သမီးအဖြစ်မှ စွန့်လွှတ်ခြင်း

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ကင်းရွာ ကျေးရွာနေ အဖ ဦးစိုးတင့်၏ သမီးမသီတာဦးသည် မိဘတို့၏ ဆုံးမမှုကို မနာခံဘဲ မိမိ၏ သဘောအတိုင်း နေအိမ်မှ ဆင်းသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။

ဦးစိုးတင့်-ဒေါ်ကျင်မြ
ကင်းရွာကျေးရွာ ဘီးလင်းမြို့နယ်။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မောင်မျိုးသိန်းဦး ၁၂/လမန (နိုင်) ၁၁၀၃၂၄ သည် မိဘ ညီအစ်ကိုမောင်နှမ ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး မိမိသဘောအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအ၀၀ လုံး၀ တာ၀န်မယူပါ။ **မိခင်-ဒေါ်သန်းမြင့်**
၁၂/လမန(နိုင်)၀၉၀၀၂၈

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူပျောက်ထားခြင်း

ယာဉ်အမှတ် ၁ခ/၆၀၅၄ မော်တော်ယာဉ် လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) မိတ္တူ ပျောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက် အတွင်း ကညန၊တိုင်းရုံး (ရန်ကုန်)သို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ရန်ကုန်တိုင်း**

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူပျောက်ထားခြင်း

ယာဉ်အမှတ် ကက/၇၉၀၇ မော်တော်ယာဉ် လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင် စာအုပ်(ကမ-၃)မိတ္တူ ပျောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက် အတွင်း ကညန၊တိုင်းရုံး (ရန်ကုန်) သို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ရန်ကုန်တိုင်း

ဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း အောင်ဝင်းသိန်း (လက်ထောက် ညွှန်ကြားရေးမှူး၊ စစစ) ၆-၄-၂၀၀၄ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒုရဲအုပ်လောင်းသင်တန်းအမှတ်စဉ် (၁၅) သူငယ်ချင်းများ။
ရဲတပ်ဖွဲ့၊ စစစ၊ အကျဉ်းဦးစီး၊ မီးသတ်

ကျေးဇူးတင်ရှိခြင်း

ဘုရား၊ရဟန်း၊သိမ်၊ ကျောင်း ဒါယကာကြီး ဦးသိန်းအောင် မန်နေဂျာ(ငြိမ်း) ကုန်သွယ်/လယ်ယာ အသက်(၆၈)နှစ်

၄-၄-၂၀၀၄ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားခဲ့သော ဦးသိန်းအောင်၏ ဈာပနကိစ္စ အ၀၀တွင် အစစအရာရာ ကူညီဆောင်ရွက်ပေးခဲ့ကြသော ပုဂ္ဂိုလ်များ၊ စံပြဆေးရုံကြီး သဃ်န်းကျွန်းမှ ဆရာဝန် ဆရာမများနှင့်ဝန်ထမ်းများ၊ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်မှ ပုဂ္ဂိုလ်များနှင့်ဝန်ထမ်းများ၊ ဇန္ဒုလသသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်မှ ပုဂ္ဂိုလ်များနှင့်ဝန်ထမ်းများ၊ Myanmar Posco Steel Co.,Ltd. မှ ဝန်ထမ်းမိသားစုများ၊ Adventure Myanmar Travels and Tours Co.,Ltd.မှ ဝန်ထမ်းမိသားစုများ၊ Dr.Reddy's Lab မှ ဝန်ထမ်းမိသားစုများ၊ လိုက်ပါပို့ဆောင်ကြသော ပုဂ္ဂိုလ်များ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း ရပ်ဝေးရပ်နီးမှကိုယ်တိုင်လာရောက်၍သော် လည်းကောင်း၊ တယ်လီဖုန်းဖြင့်သော်လည်းကောင်း မေးမြန်းကြသောပုဂ္ဂိုလ်များအား ကျန်ရစ်သူ မိသားစုက ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း

သတင်းကြေညာချက်

ရန်ကုန်မြို့ ၁၃၆၅ခုနှစ် နှောင်းတန်ခူးလဆန်း ၁၁ရက် ၂၀၀၄ခုနှစ် မတ်လ ၃၁ရက်

၁။ သတ္တုတွင်းဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်းသည် ၂၀၀၄ခုနှစ် ဇွန်လ ၂၆ရက်မှ ဇူလိုင်လ ၃ရက်အထိ ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲ ကို မြန်မာ့ကျောက်မျက်ရတနာခန်းမတွင် အောက်ဖော်ပြပါ ရည်ရွယ်ချက်များဖြင့် ကျင်းပမည်ဖြစ်ပါသည်။

(က) နိုင်ငံတော်နှင့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များ နိုင်ငံခြားငွေတိုးတက်ရရှိစေရန်။

(ခ) နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ကျောက်မျက်ရတနာကဏ္ဍမှ အထောက်အကူပြုနိုင်ရန်။

(ဂ) ကျောက်မျက်ရတနာဈေးကွက် နိုင်ငံတော်အတွင်း တိုးတက်ဖြစ်ထွန်းစေရန်။

(ဃ) ကျောက်မျက်ရတနာများကို ပြည်ပသို့ တရားမဝင် ထုတ်ဆောင်ခြင်း၊ ရောင်းချခြင်းများ လျော့နည်းပပျောက်စေရန်။

၂။ ၂၀၀၄ ခုနှစ် မတ်လတွင် ကျင်းပခဲ့သည့် (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်မျက်ရတနာလုပ်ငန်းရှင် အများစုအနေဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းနှင့် ပူးပေါင်းဆောင်ရွက်ခဲ့၍ မြန်မာ့ကျောက်မျက်ရတနာပြပွဲကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး၊ ရောင်းရငွေ ယူရို ၁၈ဒသမ ၅သန်းကျော် ရရှိခဲ့ပါသည်။ (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် အရည်အသွေး ကောင်းမွန်သည့် ကျောက်မျက်ရတနာများကို သင့်တော်သည့်အခြေခံရောင်းဈေး သတ်မှတ်၍ တင်ပြရောင်းချခဲ့ခြင်းနှင့် မြန်မာ့ကျောက်မျက် ရတနာပြပွဲသို့ ပြည်ပမှ ရတနာကုန်သည် ၆၃၀ကျော် တက်ရောက်ယှဉ်ပြိုင်ဝယ်ယူခြင်းတို့ကြောင့် ရောင်းရငွေများ တိုးတက်ရရှိခဲ့ခြင်းဖြစ်ပါသည်။ (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲမှစ၍ ငွေပေးချေရေးစနစ်များ ပြင်ဆင်သတ်မှတ်ဆောင်ရွက်ခြင်းနှင့် သက်ဆိုင်ရာဌာနများနှင့် ညှိ၍ဝယ်ယူသည့် ကျောက်မျက်ရတနာများကို ပြည်ပသို့ လျင်မြန်စွာ တင်ပို့ပေးလျက်ရှိခြင်းတို့ကြောင့် ရောင်းချရသည့် နိုင်ငံခြားငွေများ အမြန်ရရှိလျက်ရှိပါသည်။

၃။ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်း၊ ကျောက်မျက်များ တင်ပြရောင်းချသည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များအနက် လုပ်ငန်းသုံးငွေ လည်ပတ်စေရန် နိုင်ငံတော်မှ ကြိုတင်ငွေ/ချေးငွေများ ရယူလိုသူများအား သတ်မှတ်ချက်များနှင့်အညီ ကြိုတင်ငွေ/ချေးငွေများရရှိရေး ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါသည်။ ၎င်းအပြင် ကျောက်မျက်ရတနာရောင်းရငွေများကို ပြည်ပပို့ကုန်ရောင်းရငွေ (Export earning)အဖြစ် သတ်မှတ်ရေး၊ ပြည်ပပို့ကုန်ရောင်းရငွေများဖြင့် ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်ရာတွင် အသုံးပြုရန်လိုအပ်သည့် လောင်စာဆီ၊ စက်ယန္တရားစသည်များ ကိုပြည်ပမှ တင်သွင်းခွင့်ရရှိရေးအတွက် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းသည် သက်ဆိုင်ရာဌာနများနှင့်ညှိနှိုင်းတင်ပြ ဆောင်ရွက်ပေးလျက်ရှိပါသည်။

၄။ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် ၂၀၀၄ ခုနှစ် ဇွန်လအတွင်းကျင်းပမည့် ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲတွင် နိုင်ငံသား/ကုမ္ပဏီ/အသင်းများမှ တင်ပြရောင်းချလိုသည့် ကျောက်မျက်ရတနာများကို ၂၀၀၄ ခုနှစ် မေလ ၁ ရက်မှ ဇွန်လ ၁ ရက်အတွင်း စစ်ဆေးလက်ခံခြင်း၊ အခြေခံရောင်းဈေး ညှိနှိုင်းသတ်မှတ်ခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်သည်။

၅။ ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲနှင့်ပတ်သက်၍ အသေးစိတ်သိလိုပါက မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)၊ ရန်ကုန်မြို့၊ ကျောက်စိမ်းတူးဖော်ရေး ဌာန(လုံးခင်း)၊ ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်)နှင့်မန္တလေး၊ မြစ်ကြီးနား၊ ခန္တီး၊ မိုင်းရှူးမြို့များတွင် အခြေပြုသည့် တူးဖော်ရေးစခန်းရုံးများနှင့် ဆက်သွယ်စုံစမ်းဆောင်ရွက်နိုင်ပါသည်။

၆။ ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲတွင် တင်ပြရောင်းချမည့် ကျောက်မျက် ရတနာများကို မိမိတို့အစီအစဉ်ဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်) သို့ သယ်ဆောင်ရာတွင် အခက်အခဲရှိပါက အထက်စာပိုဒ်(၅)ပါ လုပ်ငန်း/ဌာန/ရုံးများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း။



စားပွဲနှင့်ကုလားထိုင်များငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီ ပလတ်စတစ် စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉း၃၀ မှ ညနေ ၄း၃၀ နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊
ဗိုလ်တထောင်မြို့နယ်
ဖုန်း-၂၄၅၆၄၅၊ ၂၄၅၆၄၂



မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူပျောက်ထားခြင်း

မော်တော်ယာဉ်အမှတ် ကက/၃၉၀၄နှင့် ကက/၃၅၉၇ မော်တော်ယာဉ် လက်ဝယ်ရှိသူက (ကမ-၃)မိတ္တူ ပျောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကညန၊ တိုင်းရုံး (ရန်ကုန်) သို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

လေလံတင်ရောင်းချရန် ကြော်ငြာ

၁။ ၂၈-၃-၂၀၀၄ ရက်နေ့ထုတ် သတင်းစာများတွင် ဖော်ပြပါရှိသော စီမံကိန်းဝင်တံတားနှင့် သာမန်တံတားများအနက် မကွေးတိုင်းအတွင်းရှိ အောက်အမည်ပါ တံတားများအား တံတားအသုံးပြုခတောင်းခံခြင်းလုပ်ငန်း သုံးနှစ်လုပ်ပိုင်ခွင့်လုပ်ငန်း လိုင်စင်ကို အောက်ပါ အစီအစဉ်အတိုင်း လေလံတင်ရောင်းချမည် ဖြစ်ပါသည်။

(၁) (က) မကွေးတိုင်း၊ မကွေးခရိုင်နှင့် သရက်ခရိုင်အတွင်းရှိ လေလံတင်မည့်တံတားများ

စဉ်	ခရိုင်	မြို့နယ်	တံတားအမည်
၁။	မကွေး	ချောက်	အနော်ရထာတံတား (စီမံကိန်းဝင်)
၂။	မကွေး	ရေနံချောင်း	ပင်းချောင်းတံတား(သာမန်)
၃။	မကွေး	မကွေး	ယင်းချောင်းတံတား(သာမန်)
၄။	မကွေး	တောင်တွင်းကြီး	ကုက္ကိုခွတံတား(သာမန်)
၅။	သရက်	ဆင်ပေါင်ဝဲ	ကိုးပင်တံတား(သာမန်)
၆။	သရက်	အောင်လံ	ဘွက်ကြီးတံတား(သာမန်)
၇။	သရက်	မင်းတုန်း	ကန်လည်တံတား(သာမန်)

(ခ) လေလံပွဲကျင်းပမည့်နေ့ရက် - ၂၆-၄-၂၀၀၄ (တနင်္လာနေ့)

(ဂ) လေလံပွဲကျင်းပမည့်အချိန် - နံနက် ၈း၀၀ နာရီ

(ဃ) လေလံပွဲကျင်းပမည့်နေရာ - ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်း၊ မကွေးမြို့။

(၂) (က) မကွေးတိုင်း၊ မင်းဘူးခရိုင်နှင့် ပခုက္ကူခရိုင်အတွင်းရှိ လေလံတင်မည့်တံတားများ

စဉ်	ခရိုင်	မြို့နယ်	တံတားအမည်
၁။	မင်းဘူး	မင်းဘူး	ဧရာဝတီ(မကွေး)တံတား (စီမံကိန်းဝင်)
၂။	မင်းဘူး	မင်းဘူး	မန်းချောင်းတံတား(သာမန်)
၃။	မင်းဘူး	ပွင့်ဖြူ	မုန်းချောင်းတံတား(သာမန်)
၄။	မင်းဘူး	စလင်း	နွယ်တမယ်တံတား(သာမန်)
၅။	ပခုက္ကူ	ဆိပ်ဖြူ	ယောချောင်းတံတား(သာမန်)

(ခ) လေလံတင်ပွဲကျင်းပမည့်နေ့ရက် - ၂၇-၄-၂၀၀၄ (အင်္ဂါနေ့)

(ဂ) လေလံတင်ပွဲကျင်းပမည့်အချိန် - နံနက် ၈း၀၀ နာရီ

(ဃ) လေလံတင်ပွဲကျင်းပမည့်နေရာ - ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်း၊ မင်းဘူးမြို့။

၂။ လေလံယှဉ်ပြိုင်လိုသူများသည် လေလံဝယ်ယူခွင့်တောင်းခံလွှာပုံစံနှင့် လေလံစည်းကမ်းချက်များကို ၁၂-၄-၂၀၀၄ ရက်နေ့မှစ၍ ရုံးချိန်အတွင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ရှိရာ ခရိုင်၊ မြို့နယ်များတွင် ဝယ်ယူနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

လေလံကော်မတီ၊ မကွေးတိုင်း။





သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်ဦးစံမကွန်း ၁၀/ပမန (နိုင်) ၁၀၇၇၄၀ ၏ သမီးဖြစ်သူ မကြည်သန်း ၁၀/ပမန (နိုင်) ၀၈၆၉၈၂ သည် မိဘများကို စိတ်ဆင်းရဲအောင်ပြုလုပ်ပြောဆိုပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ် လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်၍ လုံးဝတာဝန်မယူပါ။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ဖခင်ဦးစံမကွန်း ၁၀/ပမန (နိုင်)၁၀၇၇၄၀

ဒေါ်တင်ကြည်
(တောင်ငူ)
အသက်(၈၂)နှစ်

အမှတ်၁၄၃၊ ၄၅ လမ်းနေ (ဦးသိန်းထွန်း)၏ဇနီး၊ ဦးသိန်းလွင် ဒေါ်သန်းသန်းဝေ၊ ဦးကျော်ဇော်-ဒေါ်စန်းစန်းဝေ၊ ဦးသိန်းလှိုင်-ဒေါ်ညွန့်ညွန့်ဝေ၊ ဦးငွေမိုးသိန်း-ဒေါ်မြင့်မြင့်သန်း၊ ဗိုလ်မှူးတင့်ဝေ-ဒေါ်နှင်းနှင်းဦးဝေတို့၏ မိခင်၊ မြေးကိုးယောက်တို့၏ အဘွားသည် ၉-၄-၂၀၀၄ရက် ည ၁၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဗိုလ်မှူးညွန့်ဟန် (ငြိမ်း) အသက်(၆၆)နှစ်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ပြည်နယ်မန်နေဂျာဦးဇော်ဦးဟန်-ဒေါ်မေထိုက်အောင်တို့၏ဖခင်သည် ၆-၄-၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမိသားစု
ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်အေးမြင့် (မော်လမြိုင်)
အသက် (၈၀)

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူနှင့် ဒေါ်ခင်ဆွေမြင့်(ပါမောက္ခ၊ မြန်မာစာဌာန၊ရန်ကုန်တက္ကသိုလ်)တို့၏မိခင် ဒေါ်အေးမြင့် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ကိုမောင်မောင်ထွေး၊ကိုသန်းစိုး
Lai Lai ချောင်းသာကမ်းခြေဟိုတယ် မိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်အေးမြင့် (မော်လမြိုင်)
အသက်(၈၀)

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ-ဒေါ်ခင်ဆွေမြင့် (ပါမောက္ခ၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်)တို့၏မိခင် ဒေါ်အေးမြင့် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဒေါ်ခင်ခင်ဌေး
မိသားစု၊ L.M.L°။

ဝမ်းနည်းကြေကွဲခြင်း

ပုသိမ်မြို့နေ ဆလိုင်းဆွန်ကျဲအို (၅၃)နှစ် (စတီရီယို တေးရေး၊ တေးဆို၊ ဦးစီးအရာရှိ ပုသိမ်ငါးလုပ်ငန်းစခန်း တာဝန်ခံ)သည် ၇-၄-၂၀၀၄ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **စိုင်းထီးဆိုင်နှင့် သဘာဝရင်သွေးငယ်များ (The Wild Ones Band)။**

သတိပေးနှိုးဆော်ချက်

ခရီးသည်တင် မော်တော်ယာဉ်များအား မြို့တွင်းသို့ နေ့/ည ခရီးသည် ပို့ဆောင်နိုင်ရေးအတွက် သတ်မှတ်ခေါက်ရေနှင့်အညီ စက်သုံးဆီထုတ်ပေးထားပြီးဖြစ်ပါသည်။ ယာဉ်စီးခများအားလည်း သတ်မှတ်နှုန်းထားများအတိုင်း တောင်းခံရန် ညွှန်ကြားထားရှိပါသည်။ သို့ရာတွင် အချို့ယာဉ်လိုင်းများမှ ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက်တို့သည် ယာဉ်စီးခများကို ညပိုင်းတွင် ပိုမိုတောင်းယူနေကြကြောင်း သိရပါသည်။ ယင်းသို့ ယာဉ်စီးခပိုမိုတောင်းခံပါက ထိထိရောက်ရောက် အရေးယူနိုင်ရေးအတွက် အောက်ပါဖုန်းနံပါတ်များသို့ တိုင်ကြားနိုင်ပါသည်။

(၁) မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရန်ကုန်တိုင်း - ၁၉၉
(၂) ကြိုးမဲ့ကြေးနန်းနှင့်ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံး - ၂၉၁၂၈၅၊ ၂၉၁၂၈၄
(၃) မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ
ထိန်းသိမ်းရေးကော်မတီ - ၅၄၁၉၀၅၊ ၅၄၁၉၀၄

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

ဗိုလ်မှူးချုပ်စိန်လွင် (ငြိမ်း)
အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၁၀)ရပ်ကွက်၊ ကန်ရိပ်သာလမ်း၊ ခြံအမှတ် ၁၆ နေ ဦးရွှေရင်-ဒေါ်မာကြီးတို့၏သား၊ ဦးစံရင်-ဒေါ်နှင်းလှိုင်တို့၏ သားသမက်၊ ဒေါ်တင်တင်လှိုင်၏ခင်ပွန်း၊ ဒေါ်လဲ့လဲ့လွင်၊ ဦးကျော်လွင်ဦး-ဒေါ်ကြည်ကြည်မေ၊ ဦးရဲလွင်ဦး၊ ဦးမင်းလွင်ဦး-ဒေါ်မာမာဦး၊ ဦးလှဝေ-ဒေါ်ချိုလွင်ဦး၊ ဦးယုလွင်ဦး-ဒေါ်ခင်ယဉ်ယဉ်ထွန်း၊ ဒေါ်စောသုမာလာလွင်ဦးတို့၏ဖခင်၊ မြေး ၁၁ ယောက်တို့၏အဘိုးသည် ၉-၄-၂၀၀၄ရက် (သောကြာနေ့) နံနက် ၇း၁၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၁-၄-၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းပါမည်။(နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ခင်မမ (Daisy)
အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးဘုရားလမ်း၊ အမှတ် ၁၁၅ နေ ဒေါက်တာမျိုးပိုင်၏ ဇနီး၊ ဦးစိုးပိုင်-ဒေါ်စောယုတင့်၊ ဦးဝရ၊ ဦးကျော်ပိုင်-ဒေါ်အိအိမြတ်တို့၏ အစ်မ၊ ဦးထွန်းလှစိုး-ဒေါ်ခင်မျိုးဦး၊ ဦးမျိုးဝင်း-Chew Bee Bee၊ ဦးဌေးလှိုင်-ဒေါ်ကြည်ကြည်မျိုးပိုင်၊ ဦးမိုးအောင်မြင့်-ဒေါ်ယဉ်ယဉ်မျိုးပိုင်တို့၏ မိခင်၊ ရဲမင်းထွန်း၊ ဝါဝါလှိုင်၊ စည်သူထွန်း၊ Bryan Win၊ သင်းသင်းအောင်မြင့်တို့၏အဘွားသည် ၁၀-၄-၂၀၀၄ ရက် နံနက် ၁း၁၅ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့ ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးသက်စံ (ခေးခေး)
B.A(Geography)
အသက်(၄၅)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ၆၃/၁၊နတ်မောက်လမ်းသွယ်(၁)နေ (ဦးအုန်းမောင်၊ ညွှန်ကြားရေးမှူး၊အငြိမ်းစား၊အကောက်ခွန်ဦးစီးဌာန)-ဒေါ်ခင်တင့်တို့၏ သား၊ (ဦးသီဟန် နိုင်ငံခြားရေးဝန်ကြီး၊ငြိမ်း)-ဒေါ်အေးခင်တို့၏ သားသမက်၊ ဒေါ်တင်သန်းအေး(မဖြူ)၏ခင်ပွန်း၊ ဦးအောင်ကြည်-ဒေါ်အေးအေးခိုင်၊ ဗိုလ်မှူးစိုးမြင့်(လေ၊ ယာယီတပ်မှူး)-ဒေါ်ခင်နှင်းရီတို့၏ညီ/မောင်၊ ဦးဝင်းမြင့်-ဒေါ်နီနီဝင်း၊ ဦးအေးကျော်၊ ဒေါ်အိအိခင်တို့၏ အစ်ကို၊ တူ တူမ သုံးယောက်တို့၏ ဦးလေးသည် ၉-၄-၂၀၀၄ရက်(သောကြာနေ့)ည ၉နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၄-၂၀၀၄ရက်(တနင်္ဂနွေနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၅-၄-၂၀၀၄ ရက် နံနက်၇နာရီမှ၁၀နာရီအထိ အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်မမ
အသက်(၆၄)နှစ်

ဗဟန်းမြို့နယ်၊ ခြောက်ထပ်ကြီး၊ ရွှေသာလျောင်းဘုရားကြီး ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာမျိုးပိုင်၏ ဇနီး ၁၀-၄-၂၀၀၄ ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဂေါပကအဖွဲ့နှင့်ဝန်ထမ်းများ
ခြောက်ထပ်ကြီးရွှေသာလျောင်းဘုရားကြီး။

ဝမ်းနည်းကြေကွဲခြင်း
ဗိုလ်စိုးနိုင် အသက်(၂၇)နှစ်

မအူပင်မြို့နေ ဒေါက်တာဦးတင်အောင်သန်း-ဒေါ်လှချိုမာတို့၏သားကြီး ဗိုလ်စိုးနိုင် ၉-၄-၂၀၀၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဒေါ်မိမိကြီးနှင့် ဦးမောင်မောင်-ဒေါ်ဦးခင်မိသားစု၊ ရန်ကုန်။

ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာသန်းတင်အောင် (ပါမောက္ခ/ဌာနမှူး၊ မေ့ဆေးပညာဌာန၊ မြောက်ဥက္ကလာပဆေးရုံကြီး)၏ဖခင် ဦးထီမောင်သည် ၆-၄-၂၀၀၄ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ **ပါမောက္ခ/ဌာနမှူး၊ မေ့ဆေးဆရာဝန်များ မန္တလေးဆေးရုံကြီး။**

ရဟန်းဒါယကာကြီး
တပ်ကြပ်ကြီး အောင်ထွန်း
(ငြိမ်း)
ဗဟန်းမြို့နယ်
စစ်မှုထမ်းဟောင်းအဖွဲ့ဝင်
အသက်(၇၇)နှစ်

ရန်ကုန်တိုင်း၊ဗဟန်းမြို့နယ်၊ဆရာစံတောင်(စံပြ) ရပ်ကွက်၊ နေသူရိန်လမ်း၊ အိမ်အမှတ် ၃၉နေ ဒေါ်သန်းကြည်၏ ခင်ပွန်း၊ ဦးကျော်ဝင်း၊ ဦးမြသောင်း-ဒေါ်စန်းစန်းဝင်း၊အရာခံဗိုလ်အောင်သန်း-ဒေါ်တင်တင်ဝင်း၊ ဒုတက ထင်အေးအောင်-ဒေါ်ခင်စန်းကြည်၊ ဦးစိုးလွင်-ဒေါ်ပြုံးရင်၊ ဦးတင်မြင့်-ဒေါ်သိန်းသိန်းမြင့်တို့၏ ဖခင်၊ မြေး ၁၂ ယောက်၊ မြစ် တစ်ယောက်တို့၏ အဘိုးသည် ၁၀-၄-၂၀၀၄ ရက် (စနေနေ့) မွန်းလွဲ ၂း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ရပ်ဝေး ရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။
(သင်္ဂြိုဟ်မည့်နေ့ကို ထပ်မံကြေညာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ထွေးယုံ
အသက်(၁၀၀)

အမှတ် ၃၆၊သီရိလမ်း၊ဖော့ကန်နေ (ဦးရွှေရိုး)၏ ဇနီး၊ ဦးပန်းငွန်၏ အစ်မ၊ ဦးဟုတ်လျှံ-ဒေါ်လင်ရှိရှိန်၊ ဒေါ်မေလန်-ဦးတန်ဟောင်ချိ၊ ဒေါ်အေးသန်း၊ ဦးကွေမီ- လျှံလိုက်ရင်၊ ဦးသန်းဝင်း-ဒေါ်ဝင်း၊ ဦးကင်ကောက်-ဒေါ်လှလှဝင်း၊ ဦးကူကြည်ဖိန် - ဒေါ်သန်းနွဲ့(ခ) လျှူမောင်သန်းတို့၏ မိခင်၊ မြေး၁၉ယောက်၏ အဘွား၊ မြစ် လေးယောက်တို့၏ ဘွားဘွားကြီးသည် ၉-၄-၂၀၀၄ ရက် (သောကြာနေ့)ည ၁၁း၅၀ နာရီတွင် ကွယ်လွန်ပါ၍ ၁၁-၄-၂၀၀၄ ရက် မွန်းတည့် ၁၂ နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး
ဦးသောင်း
(ပေါင်းတည်)
အသက်(၈၀)

ပေါင်းတည်မြို့နေ (ဦးကြာဝါး-ဒေါ်ကြင်ပု) တို့၏သား၊ ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျီတော်ရပ်ကွက်၊ အိမ်အမှတ် ၉၊ မဟာဗောဂလမ်း၊ တတိယလွှာ(ညာ)နေ (ဒေါ်ခင်ညွန့်)၏ ခင်ပွန်း၊ ဒေါ်သန်းသန်းဌေး-ဦးဇချို၊ ဦးဌေးဦး-ဒေါ်အေးအေးမော်၊ ဒေါ်လီလီသောင်း၊ ဦးလှမိုးတို့၏ ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၁၀-၄-၂၀၀၄ရက် (စနေနေ့)မွန်းလွဲ ၁၂း၁၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၂-၄-၂၀၀၄ရက်(တနင်္လာနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်သန်းသန်းဌေး(ခ)
မမသန်း
အသက်(၅၂)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (၁၆) ရပ်ကွက်နေ [ဦးသန်းလွင်(လွှတ်လပ်ရေး မော်ကွန်းဝင်)-(ဒေါ်အုန်းကြည်)] တို့၏ သမီး၊ ဦးမောင်မောင်အေး-ဒေါ်တရုတ်မ၊ ဦးမောင်မောင်စန်း-ဒေါ်ခိုင်ခိုင်ဦး၊ ဦးကြည်လွင်-ဒေါ်မာမာအေးတို့၏ အစ်မသည် ၁၀-၄-၂၀၀၄ ရက်(စနေနေ့)နံနက်၁၀း၃၀နာရီတွင် ကျောင်း ကုန်းမြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၄-၂၀၀၄ ရက် (တနင်္လာနေ့)တွင် ကျောင်းကုန်းမြို့ သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

မောင်မြတ်သူရ
အသက်(၂၆)နှစ်

ရန်ကုန်မြို့နေ ဦးဝင်းမြင့်-ဒေါ်ဖြူဖြူအောင်၊ ဦးညွန့်ဝင်း၊ ဘားအံမြို့နေ ဦးခင်ဝင်း-ဒေါ်လှလှဌေး၊ ဦးအေးဝင်း-ဒေါ်ခင်မြင့်ဦး၊ ဦးနီ-ဒေါ်ခင်အေးမော်၊ ဦးထင်ကျော်-ဒေါ်ချိုချိုကြည်၊ ဦးဌေးအောင် - ဒေါ်စန်းစန်းအေး၊ ဦးတင့်အောင်-ဒေါ်သက်သက်၊ ဒေါ်ခင်မြတ်မော်တို့၏ တူသည် ၁၀-၄-၂၀၀၄ ရက် (စနေနေ့) နံနက် ၁၁း၁၅ နာရီတွင် ရန်ကုန် ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၄-၂၀၀၄ ရက် (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

မောင်မြတ်သူရ
အသက်(၂၆)နှစ်

ရန်ကုန်မြို့၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြဈေးပလ ရပ်ကွက်၊ တိုက်၉၊ အခန်း ၁ နေ (ဦးအောင်သိန်း-ဒေါ်ခင်ကြည်)၊ ဦးမောင်မောင်-(ဒေါ်စိုးတင့်)တို့၏မြေး၊ ဦးတင်အေး-ဒေါ်ခင်စိုးဝင်းတို့၏သား၊ မမြတ်စုလှိုင်၏ မောင်၊ ဦးအောင်ခိုင် (Sembcorp Pte., Ltd.)-ဒေါ်ဥမ္မာသိန်း (အထက-၄၊ မင်္ဂလာတောင်ညွန့်)၏ တူလေးသည် ၁၀-၄-၂၀၀၄ ရက် (စနေနေ့)နံနက်၁၁း၁၅နာရီတွင် ရန်ကုန် ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၄-၂၀၀၄ ရက် (အင်္ဂါနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်းဒါယိကာမကြီး
ဒေါ်ခင်မြင့် (မြိတ်)
အသက်(၈၄)နှစ်

မြိတ်မြို့၊ အလယ်ကျွန်းရပ်၊ မင်္ဂလာလမ်းနေ (စာတိုက်ဗိုလ် ဦးဖေသင်-ဒေါ်နှင်းမြူ) တို့၏ သမီးကြီး၊ ဦးငွေလှ (အငြိမ်းစား၊ကြယ်ငါးပွင့်)-(ဒေါ်ကျင်စွဲ)၊ ဦးစောလှ(အငြိမ်းစား၊ဗဟိုစာရင်းရုံး)-ဒေါ်စုစုကြည် (မွေးမြူရေးလုပ်ငန်းရုံးချုပ်) တို့၏ အစ်မကြီး၊ (ဗိုလ်မှူးမြလှိုင် စာတည်းချုပ်၊ပေဖူးလွှာမဂ္ဂဇင်း)၏ဇနီး၊ ဦးမင်းမင်းဆွေ(အထွေထွေအုပ်ချုပ်ရေး၊ ငြိမ်း)-ဒေါ်ဥမ္မာလင်း (ဦးစီးအရာရှိ၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ဦးစီးဌာန)တို့၏မိခင်၊ မောင်ကျော်စွာ (တတိယတန်း၊ ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း)၏ဘွားဘွားကြီးသည် ၁၀-၄-၂၀၀၄ရက်နံနက် ၂း၅၁ နာရီတွင် ရန်ကုန်မြို့ အကယ်ဒမီအထူးကုဆေးခန်းတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့ မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျေးဇူးရှင်မိခင်ကြီး၏ ဂုဏ်ကျေးဇူးအား ရည်မှန်းလှူဒါန်းသော ရက်လည်ဆွမ်းကျွေးအား ၁၆-၄-၂၀၀၄ ရက် (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁နာရီထိ ကြွရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးမောင်မောင်လေး
(လယ်ဝေး)
အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းလမ်း၊ အမှတ် ၄၄ နေ (ဦးမင်းဒင်-ဒေါ်ညို)တို့၏သား၊ ဒေါ်မြသန်း၏ခင်ပွန်း၊ ဒေါ်ခင်မာလာ၊ ဦးသန်းမောင် - ဒေါ်ခင်သီတာ (သတ္တုတွင်းဦးစီး)၊ ဦးအောင်ထွဋ်-ဒေါ်ရီရီမြင့်(ဆည်မြောင်း)၊ ဦးသန်းထွဋ်တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၉-၄-၂၀၀၄ရက် ည ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၄-၂၀၀၄ရက် နံနက် ၁၁ နာရီတွင်ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ကိုနေဝင်း(ခ)
အော်ဖေး(ခ)အန်ကောက်
ကွမ်းသီးဟိုတယ်(ပုဂံမြို့သစ်)
အသက်(၄၇)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ ၁၇လမ်း၊ အမှတ်၇၁နေ(ဦးမောင်သိုက်)-ဒေါ်နှင်းရီတို့၏သား၊ ဦးစိုင်းကြာခိုင်-ဒေါ်နန်းသန်းနုတို့၏ သားသမက်၊ ဒေါ်သန်းမြ၊ ဒေါ်ခင်ကြည်၊ ဒေါ်အေးသန်းတို့၏ မောင်၊ မမြင့်မြင့်ကြည်၊ မလှလှဝင်း၊ မကျင်စိန်-လူဘဟန်တို့၏ အစ်ကို၊ ဒေါ်နန်းဥမ္မာခိုင်ထွန်း၏ ခင်ပွန်း၊ မောင်သူရနေဝင်း၏ ဖခင်၊ မောင်ဇင်ဖြိုးဟိဏ်း၊ မောင်လှိုင်ဖြိုးဟိဏ်းတို့၏ ဦးလေးသည်၁၀-၄-၂၀၀၄ ရက် နံနက် ၅း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၂-၄-၂၀၀၄ရက် နံနက်၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဗိုလ်စိုးနိုင်
D.S.A (၄၁)
အသက်(၂၈)နှစ်

မအူပင်မြို့နေ ဒေါက်တာတင်အောင်သန်း-ဒေါ်လှချိုမာတို့၏ သားကြီး၊ ရန်ကုန်၊ စမ်းချောင်းမြို့နယ်၊ သုခဖြတ်လမ်း၊ အောင်ချမ်းသာရပ်ကွက်၊ အမှတ်(၈)နေဦးသိန်းနိုင်- ဒေါ်ယုဇနဝင်းတို့၏ သားသမက်၊ မောင်အောင်မြတ်၊ မောင်သွင်ထူးအောင်တို့၏အစ်ကို၊ မသဇင်ကိုကို၏ခင်ပွန်း၊မောင်သူရခိုင်၏ဖခင်သည် ၉-၄-၂၀၀၄ရက် (သောကြာနေ့)တွင် မင်္ဂလာဒုံ တပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၄-၂၀၀၄ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (စမ်းချောင်း နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးဘား
အသက်(၉၁)နှစ်

ညောင်လေးပင်မြို့၊အမှတ်၇၊မန္တလေးလမ်းနေဒေါ်ကျင်တီ၏ခင်ပွန်း၊ ကျောက်တံခါးမြို့နေ ဦးသိန်းဆွေ-ဒေါ်ချိုချိုတို့၏အစ်ကို၊ ရန်ကုန်မြို့၊ ကင်းဘဲလမ်းနေ ဦးမြတ်လွင်-ဒေါ်ခင်ခင်မာ (MX၊ဘက်ထရီ)၊ညောင်လေးပင်မြို့နေ ကိုသန်းနိုင်-မအေးအေးမြင့်၊ ကိုစိန်လှိုင်-မခင်ချိုမာ(လှိုင်မိတ္တူ)၊ တောင်ငူမြို့နေ ကိုသန်းထွေး- မခင်ဖြူမာ၊ မန္တလေးမြို့နေ ဒေါက်တာသန်းကျော်-မခင်အေးမာ၊ မစန်းစန်း၊ ကိုသန်းစိုးတို့၏ဖခင်၊ မြေး ၁၃ ယောက်တို့၏ အဘိုးသည် ၉-၄-၂၀၀၄ ရက် (သောကြာနေ့)ည ၁၀း၁၀ နာရီတွင် ကွယ်လွန်ပါ၍ ၁၁-၄-၂၀၀၄ ရက် (တနင်္ဂနွေနေ့)မွန်းတည့် ၁၂နာရီတွင်အထက်ပါနေအိမ်မှ တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးတန်ဘဦး(ခ)
ဦးချစ်မောင်
နန်ပိုက်(စတိုးနှင့်အလုပ်ပြုပြင်ရေး)
အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊(၉)ရပ်ကွက်၊ အင်းစိန်လမ်းမကြီး၊ အမှတ် ၃၁ / ၂၂၊ မြေညီထပ်နေ (ဦးတန်လင်က-ဒေါ်ချွစော)တို့၏သား၊ (ဒေါ်ရှုခင်)၏ခင်ပွန်း၊ တန်ဆိုက်စု (ခ) ဒေါ်ကြူကြူ၊ တန်ဆိုက်တင် (ခ) ဒေါ်တင်တင်၊ တန်ရှုအန်(ခ)ဒေါ်ဟန်ဟန်၊ တန်ဆိုက်မင်(ခ)ဒေါ်မြင့်မြင့်၊ တန်ဆိုက်ယဉ် (ခ) ဒေါ်ယန်ယန်၊ တန်ခင်ချောင်း(ခ)ဦးစိုင်း-ဒေါ်ပပ၊ဦးကျော်ဆန်း-တန်ဆိုက်မေ(ခ) ဒေါ်မေဦးတို့၏ ဖခင်၊ မြေးသုံးယောက်တို့၏ အဘိုးသည် ၁၀-၄-၂၀၀၄ ရက် နံနက် ၆း၂၅ နာရီတွင် သုခကမ္ဘာအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၄-၂၀၀၄ရက် နံနက်၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးစောဂျိုးဇက်ရှိန်
(ဆေးနှင့်ဆေးကိရိယာရောင်းဝယ်ရေး၊ ငြိမ်း)
အသက်(၆၅)နှစ်

(ဦးအရှိန်-ဒေါ်ခင်)တို့၏ သား၊ ရန်ကုန်မြို့၊ အမှတ် ၁၀၃၊ မာလာမြိုင် ၃လမ်း၊ (၁၆) ရပ်ကွက်၊ လှိုင်မြို့နယ်နေ ဒေါ်ရိုစီနာဖိုး၏ ခင်ပွန်း၊ စောထွန်းထွန်းဦး-နော်အေးအေးစိန်၊ စောထွန်းထွန်းလေး-မဝင်းယုယုလှိုင်၊ စောချစ်ပို၊ စောဒိုစိုး-နော်ယဉ်ယဉ်ထွေး၊ နော်ရှိဇက်ရှိန်တို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏ အဘိုးသည် ၉-၄-၂၀၀၄ ရက် (သောကြာနေ့) ည ၁၀း၃၂ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၁၁-၄-၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် အထက်ပါနေအိမ်၌ ဝတ်ပြုဆုတောင်းပြီး ထိန်ပင်ခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးအောင်သန်း
အသက်(၄၉)နှစ်

ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ တကောင်းလမ်း၊ အမှတ် ၁၄၅ နေ (ဦးကျော်ရင်-ဒေါ်နီ)တို့၏သား၊ (ဦးသောင်း)-ဒေါ်လှဆိုင်တို့၏သားသမက်၊ဒေါ်သန်းပို၏ခင်ပွန်း၊ ဦးတင်ဆောင်-ဒေါ်မြသန်း၊ ဦးမောင်မောင်သန်း-ဒေါ်အောင်(အောင်နန်းသစ်မွေ့ရာဆိုင်)၊ ဦးတင်အောင်-ဒေါ်စိန်စိန် (အဆွေတော် အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)၏မောင်၊ ဒေါ်ယဉ်ယဉ်ကြည်၊ ကိုအေးသိန်းတို့၏အစ်ကို၊ မသော်သော်အောင်၊ မောင်သက်ပိုင်အောင်၊ မငုဝါအောင်တို့၏ဖခင်သည် ၉-၄-၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၄-၂၀၀၄ရက် (တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။
R. 488

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင် နည်းပညာတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ကျောင်းဆင်းဂုဏ်ပြုညစာစားပွဲတက်ရောက်ချီးမြှင့်

ရန်ကုန် ဧပြီ ၁၀

တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆)ကျောင်းဆင်းဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယမန်နေ့ည ၇ နာရီတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းတန်းပေါင်းစီကွင်း၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်ချီးမြှင့်သည်။ စာမျက်နှာ ၈ ကော်လံ ၁ ✡

လမ်းညွှန်မှာကြား

ဧပြီ ၇ ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေအား ပြင်ဦးလွင်မြို့နယ် အနီးစခန်းလေယာဉ်ကွင်းတိုးချဲ့ တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းတွင် တာဝန်ရှိသူများက ရှင်းလင်းတင်ပြပြီးနောက် လိုအပ်သည်များကို လမ်းညွှန် မှာကြားစဉ်။ (သတင်း–ရှေ့ဖုံး)

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဧပြီ ၉ ရက်က မောင်တောမြို့နယ် တောင်ပြိုလက်ဝဲရှိ နယ်စပ်ဒေသ လူဝင်မှုစစ်ဆေးရေး ကွပ်ကဲမှုဌာနချုပ် အမှတ်(၃) နယ်မြေရုံး၌ တောင်ပြိုလက်ဝဲ အခြေခံပညာ အထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံတို့ကို ပေးအပ်စဉ်။

(သတင်းစဉ်)

ဒေသခံပြည်သူများစီးပွားရေးတိုးတက်မြင့်မားစေရေးကြိုးပမ်းဆောင်ရွက် ကျေးလက်အရောက်သွားရောက်၍ ပြည်သူများလိုအပ်ချက်ဖြည့်ဆည်း

ရန်ကုန် ဧပြီ ၁၀

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ဧပြီ ၉ ရက် နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် မိုးစဲကျွန်း၌ ကျင်းပသည့် မြတ်ဗုဒ္ဓ၏ပါဒခြေတော်ရာ မဟာသုဝဏ္ဏပါသာဒ ဂန္ဓကုဋိကျောင်းတော်ကြီးနှင့် အတွင်းကြေးပြာသာဒ်တော် ရွှေထီးတော်၊ ငှက်မြတ် နားတော်၊ စိန်ဖူးတော်တင်လှူပူဇော်ပွဲ မင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြပြီးနောက် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတိုင်းမှူး ဗိုလ်ချုပ်မောင်ဦးလိုက်ပါလျက် နံနက် ၁၁ နာရီတွင် ရသေ့တောင်မြို့သို့ရောက်ရှိကြသည်။ စာမျက်နှာ ၈ ကော်လံ ၁ ■

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ယနေ့ ထုတ် စောင်ရေ – ၂၀၁၁၄၃

နိုင်ငံရပ်ခြားမှဧည့်သည်တော်များပါဝင်ဆင်နွှဲမည့် ၁၃၆၅ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှုသင်္ကြန်ပွဲတော်

သတင်းဆောင်းပါး – မြင့်ခိုး၊ ဓာတ်ပုံမှတ်တမ်း – တင်ခိုး (မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၁၀

ဂိမာန်ရာသီ၏ နေ့လယ်ခင်း၌ သူရိယာနေမင်းကြီးသည် အရှေ့မှအနောက် ဝေဟာကျွန်းဆီသို့ ထိုးဆင်းရန် ကြိုးစားနေသည်။ ပြည်သူအပေါင်းတို့သည် လုပ်ငန်းတာဝန်ကိုယ်စီကိုယ်ဖြင့် နေပူကျဲကျဲတွင် သွားလာလှုပ်ရှားနေကြသည်ကို တွေ့ရသည်။ စာမျက်နှာ ၁၃ ကော်လံ ၁ ✻

မြန်မာ့ယဉ်ကျေးမှုသင်္ကြန်

✻ အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပါ။
✻ သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။
✻ အမျိုးဂုဏ်၊ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှုသင်္ကြန်ဖြင့် မြှင့်တင်ပါ။

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ